# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက် | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၀၉၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးနှင့် ၎င်းရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များ လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ်၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာ

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူ အပေါင်းတို့ခင်ဗျား**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်အခါသမယတွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြီးပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံးသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ကိုယ့်ထီးကိုယ့်နန်းဟူသော အရိပ်အာဝါသအောက်တွင် ခံ့ညားထည်ဝါစွာ ရပ်တည်နေထိုင်ခဲ့ကြပါသည်။ သို့ရာတွင် ကမ္ဘာပေါ်၌ ကျယ်ပြန့်စွာ စိုးမိုးဗိုလ်ကျလာခဲ့သော ကိုလိုနီစနစ်ဆိုးကြီးကြောင့် သယံဇာတပေါကြွယ်ဝသည့် မိမိတို့နိုင်ငံသည်လည်း ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်တို့တွင် နယ်ချဲ့ဗြိတိသျှတို့၏ ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲမှုဖြင့် မတရားကျူးကျော်သိမ်းပိုက်ခြင်းကိုခံခဲ့ရပြီး ၁၈၈၆ ခုနှစ်တွင် လွတ်လပ်ရေးနှင့်အတူ အချုပ်အခြာအာဏာကိုပါ ဆုံးရှုံးခဲ့ရပါသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖


## နေပြည်တော် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာရှိ နေပန်လပန်ရှေးဟောင်းစေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာရှိ နေပန်လပန်ရှေးဟောင်းစေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

**တက်ရောက်ပူဇော်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝတ်အသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများ တက်ရောက်ပူဇော်ကြသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တို့ကို ပါဠိဆရာတော်ကြီးထံ သာဟတ္ထိကဒါနမြောက် ဆက်ကပ်ပူဇော်စဉ်။

# ပဒေသာပင်ပေါက်အောင်ဆိုရင်

မြန်မာတစ်နိုင်ငံလုံး ကိုလိုနီဘဝ ကျရောက်နေချိန်တွင် နိုင်ငံ့စီးပွားအရင်းအမြစ်များအားလုံးမှာ နယ်ချဲ့တို့လက်ထဲမှာသာ ရှိခဲ့သည့်အလျောက် ရရှိသမျှ အကျိုးအမြတ်အားလုံးသည်လည်း နယ်ချဲ့နောက်တော်ပါ နိုင်ငံခြားသားအရင်းရှင်တို့အတွက်သာ ဖြစ်ခဲ့သည်။ သယံဇာတပေါများကြွယ်ဝသည့်မြေပေါ်တွင် ရှင်သန်နေထိုင်ရင်း ဆင်းရဲတွင်းနက်ခဲ့ကြသည့် မြန်မာတို့မှာ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ပြီး လွတ်လပ်ရေးရသည့်အခါတွင် မိမိတို့လည်း ဆင်းရဲတွင်းမှ လွတ်မြောက်နိုင်ကြမည်ဟု မျှော်လင့်ခဲ့ကြသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ ရန်ကုန်မြို့တော်ခန်းမ လူထုအစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းက ပြည်သူလူထုကို စည်းကမ်းရှိရေး၊ ခြိုးခြံချွေတာရေး၊ အားကြိုးမာန်တက် အလုပ်လုပ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အကျယ်တဝင့် ပြောကြားခဲ့သည်။ ၎င်း၏မိန့်ခွန်းထဲမှ "လွတ်လပ်ရေးဆိုတိုင်း ပဒေသာပင် မြေကမပေါက်နိုင်ဘူး" ဆိုသည့် ပြောကြားချက်မှာလည်း လူထုနားတွင် စွဲခဲ့သည်။ "ပဒေသာပင်ပေါက်အောင်ဆိုရင် ကျွန်တော်တို့အလုပ်လုပ်မှ ဖြစ်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်၊ အဲဒီတော့ လွတ်လပ်ရေးရပင်ရသော်ငြားလည်း လွတ်လပ်ရေးရဲ့တာဝန်တွေကို ကျွန်တော်တို့က မထမ်းဆောင်ချင်ဘူးဆိုရင် ခင်ဗျားတို့ရတဲ့ လွတ်လပ်ရေးဟာ ဒီကနေ့ရပြီး မနက်ဖြန်ခါ တခြားလက် ပြန်ပါသွားမှာပဲဆိုတာ ခင်ဗျားတို့ သိစေချင်တယ်" ဟူ၍လည်း အဆိုပါမိန့်ခွန်းတွင် ဗိုလ်ချုပ်က မိန့်ကြားခဲ့သည်။

လွတ်လပ်ရေးရပြီးနောက် ၇၆ နှစ်ပြည့်မြောက်လာပြီဖြစ်သော်လည်း မြန်မာနိုင်ငံသူ နိုင်ငံသားတို့အတွက် ပဒေသာပင်သည် ပေါက်မလာနိုင်သေး။ ကိုလိုနီကျွန်ပြုခံခဲ့ရခြင်း၊ ဒုတိယကမ္ဘာစစ်ကာလတွင် စစ်မြေပြင်ဖြစ်ခဲ့ခြင်း၊ ပြည်တွင်းသောင်းကျန်းမှုဒဏ်ခံခဲ့ရခြင်းနှင့် ယနေ့ထိ မပြီးဆုံးနိုင်သေးသည့် စည်းလုံးညီညွတ်ရေးဆိုင်ရာပြဿနာများ စသည်တို့က နိုင်ငံကို နာတာရှည်လူမမာကြီးသဖွယ် ဖြစ်စေခဲ့သည်။ သို့ရာတွင် အဆိုပါအကြောင်းရင်းခံများကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်၍မရတော့ဟု ဆိုလျှင် မှားယွင်းသည်ဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပညာရှင်တို့၏ အဆိုအရ အချိန်သည်ဖွံ့ဖြိုးဆဲနိုင်ငံတို့အတွက် လွန်စွာတန်ဖိုးရှိပြီး လုပ်သင့်လုပ်ထိုက်သည့် အလုပ်တို့ကို ထိရောက်သည့် နည်းလမ်းများဖြင့် လျင်မြန်သွက်လက်စွာ လုပ်ရန်လိုသည်ဟုဆိုသည်။ ကြာလေ အခွင့်အလမ်းမသာလေဖြစ်မည့်အခြေအနေသို့ မရောက်စေဘဲ ရှိနေသည့်အခြေအနေကို အကောင်းဆုံးအသုံးချ၍ အလုပ်လုပ်ကြရန်ပင်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာ မသုံးစွဲနိုင်ဆုံးနှင့် ပြုန်းတီးမှုအများဆုံးသော အရင်းအမြစ်သည် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည်ဟု ဆိုသည်။ လူသားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချရေးသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လွန်စွာအရေးကြီးပြီး စက်ယန္တရားတစ်ခု ခုတ်မောင်းလည်ပတ်နိုင်ရန် စတတ်တာဖြင့် စတင်နှိုးရသကဲ့သို့ပင်ဖြစ်သည်။ ထိရောက်သည့် လူသားအရင်းအမြစ်က ရုပ်ဝတ္ထုနှင့် ငွေကြေးအရင်းအမြစ်နှစ်ရပ်တို့ကို အသုံးပြုကာ နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ လူ့စွမ်းအားအရင်းအမြစ်ပြုစုပျိုးထောင်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ ကျွမ်းကျင်မှုဆိုင်ရာ လေ့ကျင့်ပေးရေး၊ အလုပ်အကိုင်နေရာချထားပေးရေး ဆောင်ရွက်ပေးရုံမျှမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုတွင် တက်ကြွသောအင်အားစုများအဖြစ် ပါဝင်လာစေရန်လည်း ဆောင်ရွက်ပေးရန်လိုသည်ဟု ပညာရှင်တို့က မိန့်ဆိုသည်။

လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးအဖြစ် ရပ်တည်လာခဲ့သော ၇၆ နှစ်သည် နိုင်ငံနှင့်လူမျိုးအတွက် ပဒေသာပင်ပေါက်ရုံသာမက ပဒေသာပင်ကြီး အပွင့်အသီးဖြိုင်ဖြိုင်နှင့် ကြီးပွားထွန်းကားနိုင်လောက်သည်။ ပစ္စုပ္ပန်ကာလ ကမ္ဘာကြီး၏အချက်အချာ ရွေ့လျားပြောင်းလဲလာခြင်းနှင့်အတူ ပေါ်ပေါက်လာနေသည့် အခွင့်အလမ်းများကိုအရယူကာ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်အလုပ်လုပ်ကြခြင်းဖြင့် လွတ်လပ်ခြင်း၏အရသာကို ခံစား စံစားနိုင်ကြပါစေကြောင်း။ ။

## (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒွိတာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံးချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပ

သန်လျင် ဇန်နဝါရီ ၃

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ၂၀၂၄ ခုနှစ်၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ကျင်းပသည်။

အဆိုပါ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ထုပ်ဆီးတိုးပြိုင်ပွဲ (အမျိုးသမီး)၊ လွန်ဆွဲပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)၊ မုန့်စားပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)၊ ဂုံနီအိတ်စွပ်အပြေးပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)၊ အပ်နဖားထိုးအပြေးပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)၊ ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲ (အမျိုးသမီး)၊ အပြေးပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)၊ ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲ (အမျိုးသား)၊ စစ်တုရင်ပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)၊ ခုံဦးပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး) နှင့် သံပုံးရိုက်ပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)၊ စုစုပေါင်း ပြိုင်ပွဲအမျိုးအစား ၁၁ မျိုး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ပြုလုပ်ရာ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆရာမများ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ဆရာမများနှင့် ဝန်ထမ်းများ ခုံဦးပြိုင်ပွဲနှင့် ကျောင်းသား ကျောင်းသူ ခုံဦးပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဦးတင်သိန်း၊ သက်ဆိုင်ရာ ပါမောက္ခ/ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခ/ ခေတ္တဌာနမှူးများ၊ ဘာသာရပ်တာဝန်ခံများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **သတင်းစဉ်**



## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ညွှန်းပြချင်သေးသည်

* လွတ်လပ်ရေးဟု..
အတွေးရင်လွှာ၊ မြင်ယောင်လာသည်
တစ်ခါတုန်းက ပုံရိပ်များ...။
သည်နိုင်ငံသား ဘိုးဘွားများ...။

* အတိတ်ဆီက၊ ဗြိတိသျှတို့
မြန်မာ့မြေထက်၊ နိုင်ချင်ကြက်သို့
ဉာဏ်နက်ဉာဏ်နီ၊ ဉာဏ်ပလီဖြင့်
စီရီခြယ်မှုန်း၊ ညစ်မှုဆုံးအောင်
သုံးစွဲရန်ရှာ၊ အခါခါဝယ်
မြန်မာတစ်ခွင်၊ ကုန်အစင်မှ
ပါဝင်ကျိပ်ပြု၊ ရာထောင်ပြုနှင့်
စုဖွဲ့တပ်ကြီး၊ ရန်စစ်မီးကို
နည်းစုံသုံးလျက် တိုက်ခဲ့ကြ...။
သွေးသက်ရင်းပြု ကာကွယ်ကြ...။

* ရဲသွေးသတ္တိ၊ ဘယ်ပုံရှိလည်း
ခြားဘိလက်နက်၊ သည်တစ်ချက်ကြောင့်
အသက်များစွာ၊ ရင်းခဲ့ပါလည်း
ကာကွယ်ရင်းက၊ ဆုံးရှုံးရသည်
မြန်မာ့ချုပ်ခြာ လွတ်လပ်ရေး...။
သို့ပေသည်တိုင် သွေးမအေး...။

* ခေတ်ဆက်ဆက်မှာ၊ မျိုးမြန်မာတို့
ချုပ်ခြာဒိဋ္ဌ၊ လွတ်ရေးရဖို့
လုံ့လမပေ့ါ၊ မလျှော့ဇွဲမာန်
ထက်သန်စိတ်ဓာတ်
မပြတ်တိုက်ပွဲ၊ နည်းစုံနွှဲမို့
ရလည်းရခဲ့ လွတ်လပ်ရေး...။
ဖိုးထိုက်တန်စွ လွတ်လပ်ရေး...။

* ဩော် . . .
လွတ်လပ်ရေး – ဟု
အတွေးရင်လွှာ၊ မြင်တိုင်းမှာလျှင်
သူငါရှက်ထမ်း၊ ကျရာခန်းမှ
လှမ်းကြည့်ရန်၊ သန္နိဋ္ဌာန်ဖြင့်
ပြင်းထန်လုံ့လ၊ ကာကွယ်ကြဖို့
ညွှန်းပြချင်သေးသည်တကား. . .။ ။

**မောင်စိမ်းနောင်(လယ်ဝေး)**

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသော ပညာတတ်များပေါ်များရေးကို ဦးတည်ကြိုးပမ်းကြရမည်

❖ *ရှေ့ဖုံးမှ*

ကိုယ့်ထီးကိုယ့်နန်းကို တန်ဖိုးထားသည့်စိတ်၊ ဖိနှိပ်ချုပ်ချယ်မှုအပေါ် မခံချင်စိတ်၊ နယ်ချဲ့ဖြိုတိသျှနှင့်ဖက်ဆစ်များအပေါ် နာကြည်းစိတ်များကြောင့် ဖြစ်ပေါ်လာသောပြည်ထောင်စုစိတ်ဓာတ်ကို အကြီးမားဆုံးခွန်အား၊ စွမ်းအားအရှိဆုံး လက်နက်အဖြစ်အသုံးပြုကာ မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြခြင်းကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုအဖြစ် ပြန်လည်ရပ်တည်နေနိုင်ခဲ့သည်မှာ ယခုအခါ (၇၆)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

တစ်ခဏတာအတွင်း ဆုံးရှုံးလိုက်ရသော လွတ်လပ်ရေးကို နှစ်ပေါင်းများစွာ တိုင်းရင်းသားပြည်သူများ၏ အသက်၊ သွေး၊ ချွေးများကို ရင်းနှီးပေးဆပ်၍ ပြန်လည်ကြိုးပမ်းရယူခဲ့ရပါသည်။ ရှေးဘိုးဘွားများ၏မျိုးချစ်စိတ်၊ နိုင်ငံတော်အတွက် ပေးဆပ်စွန့်လွှတ်ရဲသည့်စိတ်များကြောင့် လွတ်လပ်ရေးဟူသောအနှိုင်းမဲ့ဂုဏ်ဒြပ်နှင့်အတူ ပြည်ထောင်စုတစ်ခုကို ပိုင်ဆိုင်ခဲ့ရသော်လည်း နိုင်ငံရေးနှင့်လူမျိုးရေးအရ အယူဝါဒကွဲပြားမှုများကြောင့်ပင် မြန်မာနိုင်ငံမှာ မုန်တိုင်းကြားမှပျိုးပင်ငယ်ပမာ ကာလများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြန်ပါသည်။ ၎င်းပြည်တွင်းပဋိပက္ခ၏အမြုတေမှာ နယ်ချဲ့တို့၏ နှစ်ပေါင်းများစွာ သွေးခွဲအုပ်ချုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော တိုင်းရင်းသားစည်လုံးညီညွတ်မှု အားနည်းခြင်းဖြစ်ပြီး ထိုမှတစ်ဆင့် ပြည်ထောင်စုပြိုကွဲခြင်း၊ အချုပ်အခြာအာဏာဆုံးရှုံးခြင်းဆိုသည့်အခြေအနေများကို ခြိမ်းခြောက်လာသောအန္တရာယ်အသွယ်သွယ်ကို ရင်ဆိုင်ခံစားခဲ့ရပြန်ပါသည်။

အသက်တမျှအရေးကြီးသည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် မြန်မာ့တပ်မတော်မှ တိုင်းရင်းသားပြည်သူများနှင့် တွဲလက်ညီညီ ရင်ဆိုင်ကာကွယ်ခဲ့ခြင်းကြောင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့နေခြင်းသာ ဖြစ်ပါသည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လေးနက်စွာခံယူစောင့်ထိန်းကြရမည့် ကျင့်ဝတ်တစ်ခုပမာ ထင်ရှားစွာတည်ရှိနေပါသည်။ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားကို အားကောင်းစေသည့် စစ်မှန်၍ စည်းကမ်းပြည့်ဝပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဖော်ဆောင်ရေးတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးမှ လေးနက်စွာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို ယခင်အစိုးရအနေဖြင့် တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ခြင်းမရှိသည့်အပြင် နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် ကြိုးပမ်းခဲ့ခြင်းကြောင့် တပ်မတော်က ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့ပြီး နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အဖြစ် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ချမှတ်ထားပါသည်။ ထို့အတူ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဟူသော အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် လူမျိုးကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသကိုအခြေခံသည့်စနစ်ကို အဓိကဦးတည်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ **“ခေတ်မီဖွံ့ဖြိုး တိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် ဦးဆောင်သူ၊ အကောင်အထည်ဖော်ဆောင်ရွက်သူ၊ လိုက်နာကျင့်သုံးသူများအားလုံး အသိပညာ၊ အတတ်ပညာ၊ ပင်ကို အရည်အသွေး၊ စဉ်းစားတွေးခေါ်မှု စွမ်းရည်များနှင့်ပြည့်စုံရန် လိုအပ်သဖြင့် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်”** ပေးရမည်ဖြစ်ပါသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေးကို အာမခံနိုင်မည်ဖြစ်ပါသည်။ တိုင်းရင်းသားဒေသများ၊ အထူးသဖြင့် ပြည်နယ်များရှိကျေးလက်ဒေသအချို့တွင် ဘာသာစကားအခက်အခဲများ၊ ပညာရေးအားပေးမှု နည်းပါးခြင်းများနှင့်အခြားသော စိန်ခေါ်မှုများကြောင့် ပညာရေးအားနည်းသည်ကို တွေ့ရှိရပါသည်။ထို့ကြောင့် ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာများတတ်မြောက်ရန် မလွဲမသွေဆောင်ရွက်ပေးကြရမည် ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ နွေရာသီ ကျောင်းပိတ်ရက်တွင် ယခင် **“အ”** သုံးလုံးကျေ သင်တန်းကဲ့သို့ စာတတ်မြောက်ရေးလှုပ်ရှားမှုကို စေတနာရှင် ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဒေသခံပညာတတ်များ၊ ဒေသခံဝန်ထမ်းများက တိုင်းရင်းသားဘာသာစကား သင်ကြားရေးအထောက်အကူပြု ဆရာ ဆရာမများ၏ အကူအညီရယူကာ နိုင်ငံတစ်ဝန်း အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြမည် ဖြစ်ပါသည်။

ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အမှန်တကယ်စာတတ်မြောက်အောင် ဆရာ ဆရာမများက သင်ကြားပို့ချပေးရမည်ဖြစ်ပြီး စာပေဖတ်ရှုလေ့လာမှုကို ဆက်လက်အားပေးရမည် ဖြစ်ပါသည်။ ဥပဒေအသိပညာတတ်မြောက်သူများ၊ စီးပွားရေး အသိပညာအခြေခံတတ်သိနားလည်သူများ ပေါ်များစေရေးနှင့် စီးပွားရေးပညာရှင်များ ပေါ်ထွန်းလာစေရေးတို့အတွက် တက္ကသိုလ်များတွင် ဥပဒေပညာနှင့် စီးပွားရေးပညာတို့ကို တိုးချဲ့သင်ကြားပေးလျက် ရှိပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသော ပညာတတ်များ ပေါ်များရေးကို ဦးတည်ကြိုးပမ်းကြရမည် ဖြစ်ပါသည်။ ပညာရည် မြင့်မားမှသာ ပိုင်းခြားဝေဖန်ဆန်းစစ်နိုင်သည့် အတွေးအခေါ်များ ရရှိမည်ဖြစ်သောကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပညာရည်တိုးတက်အောင် ဆောင်ရွက်ပေးကြရမည် ဖြစ်ပါသည်။ အနာဂတ်လူငယ်များကို မိမိတို့ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ထိန်းသိမ်းတတ်စေရေးနှင့် တိုးတက်ပြောင်းလဲနေသည့် ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်စေရေးတို့အတွက် ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

❖ **အသက်တမျှအရေးကြီးသည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မြန်မာ့တပ်မတော်မှ တိုင်းရင်းသားပြည်သူများနှင့် တွဲလက်ညီညီ ရင်ဆိုင်ကာကွယ်ခဲ့ခြင်းကြောင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့နေခြင်းသာဖြစ်ပါသည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လေးနက်စွာခံယူစောင့်ထိန်းကြရမည့် ကျင့်ဝတ်တစ်ခုပမာ ထင်ရှားစွာတည်ရှိနေ**

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

မြန်မာနိုင်ငံတွင် နိုင်ငံသားအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား ဆောင်ရွက်နေကြသူများဖြစ်ကြပြီး ကျေးလက်နေလူဦးရေ ၇၂ ရာခိုင်နှုန်းအနက် ၄၅ ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးရေးနှင့်အသက်မွေးကြသူများ ဖြစ်ကြပါသည်။ အခြားကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးနှင့် ဆက်နွယ်သည့်စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရေရရှိရေး၊ မြေဩဇာ/အစားအစာ၊ မျိုးကောင်းမျိုးသန့်၊ စိုက်နည်းစနစ်တို့ကို ကြိုးစားအားထုတ်မှုဖြင့် ပေါင်းစပ်လုပ်ကိုင်မည်ဆိုပါက အမျိုးသားရေးရည်မှန်းချက်တစ်ရပ်ဖြစ်သည့် စားရေရိက္ခာဖူလုံရေးကို စိုက်ပျိုးမွေးမြူရေးက ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်နှင့်ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်မည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပါသည်။ လူတိုင်းလက်လှမ်းမီသည့် ပညာရေးဖြစ်ရန် လိုအပ်သည့်အတွက် အလယ်တန်းပညာပြီးမြောက်သူများ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်နိုင်ရန် ခရိုင် ၅၀ တွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်း ၅၁ ကျောင်း ဖွင့်လှစ်ထားပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်ကာ ဆက်လက်၍လည်း တိုးချဲ့ဖွင့်လှစ်သွားရန် စီမံထားရှိပြီး ဖြစ်ပါသည်။ အဆိုပါကျောင်းများမှ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးကျွမ်းကျင်သူများဖြစ်အောင် သင်ကြားလေ့ကျင့်ပေးကာ ထိုမှတစ်ဆင့် ဘာသာရပ်အလိုက် ထူးချွန်သူများအနေဖြင့် သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်သင်ကြားနိုင်မည် ဖြစ်ပါသည်။ ထိုသို့ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသတစ်ခု ထုတ်ကုန်တစ်မျိုးထုတ်လုပ်ခြင်းမှ အဆင့်တက်ကာ ပြည်တွင်းလိုအပ်ချက် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှ ကုန်ချောတင်သွင်းနေရသူ (Importer) အဖြစ်မှ ပြည်တွင်းကုန်ချောလိုအပ်ချက်ပြည့်မီအောင်ထုတ်လုပ်လျက် ပြည်ပသို့ကုန်ချောပြန်လည်တင်ပို့သူ (Exporter) အဖြစ်သို့ ရောက်ရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ **“စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ကို အားပေးမြှင့်တင်ဆောင်ရွက်”** ကာ အဆင့်မြင့်ကုန်ထုတ်လုပ်မှုနည်းပညာများကို လေ့လာဆည်းပူး၍ အရည်အသွေးကောင်းမွန်သော တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်လျက် နိုင်ငံ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမ ရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင် ဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်တွင်းပြည်ပ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းမှန်ကန်မှုရှိစေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့် တစ်နိုင်ငံလုံး ရာနှုန်းပြည့် ဆန္ဒမဲပေးနိုင်ရေးတို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ မဲဆန္ဒရှင်စာရင်းများ အောင်မြင်စွာကောက်ယူနိုင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့်အချက်အလက်များ ရရှိစေရေးအတွက် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် လိုအပ်ပါသည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှစတင်၍ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ယင်းအပေါ်မူတည်၍ ခိုင်မာမှန်ကန်သည့် မဲစာရင်းများ ရရှိလာပါက **“ဥပဒေနှင့်အညီ လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်”** သွားကြရမည်ဖြစ်ပါသည်။ စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေးနှင့် ၎င်းရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့် အစိုးရကို နိုင်ငံတော်တာဝန်များ လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားအားလုံး၏ သွေးစည်းညီညွတ်မှု၊ အပြန်အလှန် လေးစားယုံကြည်မှုများဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို မဏ္ဍိုင်ပြု၍ ချမှတ်ထားသောအဂ္ဂမဟာဗျူဟာ၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို လက်တွေ့ကျကျကျင့်သုံးပြီး ဆက်လက်၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်ကို ပြည်ထောင်စုဖွားတိုင်းရင်းသားညီနောင်အားလုံးက လေးနက်စွာခံယူ၍ သမိုင်းအစဉ်အလာကြီးမားသော အမိမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် စစ်မှန်သောမျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များဖြင့် သွေးစည်းညီညွတ်စွာ လက်တွဲပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာအားပေးပို့အပ်ပါသည်။ ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာမင်္ဂလာမဏ္ဍပ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာစိန်ဖူးတော်မြတ်အတွင်းသို့ ဌာပနာတော်များကို ထည့်သွင်းပူဇော်စဉ်။

❁ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နေပန်လပန် ရှေးဟောင်းစေတီတော် ပရိဝုဏ်တော်အတွင်းသို့ ရောက်ရှိပြီး မဟာမင်္ဂလာမဏ္ဍပ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရတနာစိန်ဖူးတော်မြတ်အတွင်းသို့ ဌာပနာတော်များကို ထည့်သွင်းပူဇော်သည်။

**ပရိတ်တရားတော်များနာယူကြည်ညို**

ထို့နောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက ပါဠိဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြကာ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ယင်းနောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကိုယူဆောင်၍ စေတီတော်ဝတ္ထုကံတော်အတွင်း၌ ပက်ဖျန်းကြဲဖြန့်ချည်နှောင်ကြသည်။

**လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တို့ကို ပါဠိဆရာတော်ကြီးထံ သာဟတ္ထိကဒါနမြောက် ဆက်ကပ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ပါဠိဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။

ပူဇော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်ပြီး ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များက သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပါဠိဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

**လက်ယာရစ်လှည့်လည်ပူဇော်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာအချိန်တွင် စေတီတော်အထွတ်၌ တင်လှူပူဇော်ကာ ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။ *စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ဆက်လက်ပြီး သံဃာတော်အရှင်သူမြတ်များက နေပန်လပန်ရှေးဟောင်းစေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြပြီး ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မဟာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ရတနာရွှေခေါင်းလောင်းတော်ကို ထိုးခတ်ပူဇော်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မင်္ဂလာမော်ကွန်းကမ္ပည်း ကျောက်စာတော်ကို အမွှေးနံ့သာရည်များပက်ဖျန်းဖွင့်လှစ်၍ ရတနာရွှေခေါင်းလောင်းတော်ကို ထိုးခတ်ပူဇော်သည်။

အဆိုပါ နေပန်လပန်ရှေးဟောင်းစေတီတော်မြတ်လေးဆူသည်သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဌာနမှ ပညာရှင်များ၏ ခန့်မှန်းချက်အရ လွန်ခဲ့သောနှစ်ပေါင်း ၃၀၀ ကျော်ခန့် ညောင်ရမ်းခေတ်တွင် တည်ထားခဲ့သောစေတီတော်ဖြစ်ကြောင်း၊ ၂၀၀၅ ခုနှစ်တွင် လက်ရှိ သုခရတနာကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တအာလောက၏ ခမည်းတော်ဖြစ်သူနှင့် ဦးရီးတော်ဖြစ်သူတို့မှ တွေ့ရှိခဲ့ပြီး ပြန်လည်ဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နေပန်လပန် ရှေးဟောင်းစေတီတော်မြတ်လေးဆူကို ဗုဒ္ဓသာသနာတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ သာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ အမှူးပြုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ပြန်လည်ပြုပြင်မွမ်းမံ တည်ထားပူဇော်ပြီးစီးခဲ့ပြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာအချိန်တွင် စေတီတော်အထွတ်၌ တင်လှူပူဇော်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မင်္ဂလာမော်ကွန်းကမ္ပည်းကျောက်စာတော်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းဖွင့်လှစ်၍ ရတနာရွှေခေါင်းလောင်းတော်ကို ထိုးခတ်ပူဇော်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ(အမျိုးသား) ဗိုလ်လုပွဲအဖြစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ(အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၃**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာန ပေါင်းစုံ (အမျိုးသား) ဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်း တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ကျင်းပရာ နိုင်ငံ တော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှု အားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

## ကြည့်ရှုအားပေး

အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ တွဲဖက် အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ် ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည် တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ် ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အားကစား အသင်းများအလိုက် အုပ်ချုပ်သူ များ၊ နည်းပြများနှင့် အားကစား သမားများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစား ဝါသနာရှင်ပြည်သူများ တက် ရောက်ကြည့်ရှုအားပေးကြသည်။

## အကြိတ်အနယ်ယှဉ်ပြိုင်

(၇၆)နှစ်မြောက် လွတ်လပ် ရေးနေ့အထိမ်းအမှတ် ဝန်ကြီး ဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ (အမျိုးသား)ဗိုလ်လုပွဲတွင် စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်း နှင့်အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင် ကစားကြရာ အဆိုပါအသင်းများ သည် ဗိုလ်လုပွဲသို့ တက်ရောက် လာကြသည့်အသင်းများဖြစ်သည် နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ် ဖိအားပေး ယှဉ်ပြိုင်ကြပြီး ပွဲကစားချိန် ၈ မိနစ်တွင် စီမံကိန်း နှင့်

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား ချီးမြှင့်ငွေ များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် အကောင်းဆုံး ကစားသမားဆုရရှိသူတစ်ဦးအား ဆုတံဆိပ်နှင့်ချီးမြှင့်ငွေများ ပေးအပ် ချီးမြှင့်စဉ်။



မြန်မာ့ယဉ်ကျေးမှုအကအလှ ဓာတ်ပုံ - ဦးအောင်မြတ်မင်း

**မိမိတို့ တိုင်းရင်းသားအားလုံးသည် ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးရာ စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားကြသူများဖြစ်ပြီး အမျိုးသားရေးရာလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် ကောင်းကျိုးများစွာ ရရှိမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်လျက်ရှိရာ အမျိုးသားရေးစိတ်ဓာတ်ရှိကြရန် အလွန်အရေးကြီးသောအချိန်ကာလဖြစ်သည်။**

[ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၁၀-၁-၂၀၂၃ ရက်နေ့တွင် (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်]

*စာမျက်နှာ ၆ မှ*

ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက အဖွင့်ဂိုးရရှိခဲ့ပြီး ဦးဆောင်နိုင်ခဲ့သည်။ ထို့နောက် ပွဲကစားချိန် ၁၁ မိနစ်တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ချေပဂိုးနှင့် ပွဲချိန် ၁၆ မိနစ်နှင့် ပွဲချိန် ၁၈ မိနစ်တို့တွင် ဦးဆောင်ဂိုးများ ထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် သုံးဂိုး - တစ်ဂိုးဖြင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် ၄၂ မိနစ်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်း ၄၅ မိနစ်ပြီးဆုံးချိန်တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ယင်းနောက် ဒုတိယပိုင်းပွဲကစားချိန်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲစလျှင်စချင်း ၄၇ မိနစ်၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ချေပဂိုးတစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် တစ်ဖက်သုံးဂိုးစီဖြင့် နှစ်ဖက်အပြန်အလှန် အကြိတ်အနယ် ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ကျန်ရှိသည့် ပွဲကစားချိန်အတွင်း အနိုင်ဂိုးရရှိရေး ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်သည့်အချိန်တွင် သရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့ရသဖြင့် အချိန်ပို ပထမပိုင်းကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။

အချိန်ပို မိနစ် ၃၀ ကို ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရာ အချိန်ပို ၁၈ မိနစ်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ၁၈ ကိုက်စည်းအပြင်ဘက်မှ အပြင်းကန်သွင်းချက်ဖြင့် ဦးဆောင်ဂိုးရရှိခဲ့ပြီး ချေပဂိုးပြန်လည်သွင်းယူနိုင်ခြင်း မရှိသဖြင့် ပွဲကစားချိန်များ ပြီးဆုံးချိန်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား လေးဂိုး - သုံးဂိုးဖြင့် ထိုက်တန်စွာ အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံးအားကစားသမားဆု ရရှိခဲ့ကြသည့် အားကစားသမားများကို ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကောင်စီဝင်များ ဖြစ်ကြသည့် ခွန်စံလွင်၊ ဒေါက်တာဘဘွေ၊ ဒေါက်တာမှုထန်နှင့် မန်းငြိမ်းမောင်တို့က ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဆက်လက်၍ အသင်းလိုက် စတုတ္ထဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းအား ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက လည်းကောင်း၊ တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က လည်းကောင်း၊ ဒုတိယဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းအား ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းအား ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်ပြီး အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်အဖွဲ့ဝင် မန်းငြိမ်းမောင် အကောင်းဆုံးကစားသမားဆုရရှိသူတစ်ဦးအား ဆုတံဆိပ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အကောင်းဆုံး ကစားသမားဆုရရှိသူတစ်ဦးအား ဆုတံဆိပ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

## ပြည်တက္ကသိုလ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ပြည် ဇန်နဝါရီ ၃

(၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာနှင့်ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ယမန်နေ့က ပြည်တက္ကသိုလ်၌ကျင်းပရာ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်တက္ကသိုလ်သမိုင်းဌာန၊ တွဲဖက်ပါမောက္ခ ဒေါက်တာမြကြီးက လွတ်လပ်ရေး၏တန်ဖိုး ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်မှုသမိုင်းကြောင်းအပါအဝင် လွတ်လပ်ရေး၏တန်ဖိုးနှင့် အနှစ်သာရအကြောင်းများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောသည်။

ထို့နောက် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ် ဒေါက်တာသက်လွင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်သက်ထွန်းနှင့်ဒုတိယပါမောက္ခချုပ် ဒေါက်တာ မြင့်မြင့်ခိုင်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘောဒီးယားနိုင်ငံ ပြည်သူများမှ မိမိနှင့်အတူ အဆွေတော်နှင့် မြန်မာနိုင်ငံ ပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား နီးကပ်ပြီး ကာလရှည်ကြာသော ဆက်ဆံရေးမှာ တူညီသောယဉ်ကျေးမှုနှင့် ဘာသာတရား ဓလေ့ထုံးတမ်းများ၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့အပေါ် အခြေခံထားခြင်းဖြစ်ပါသည်။ လာမည့် အနာဂတ်တွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေး မိမိတို့ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အဆွေတော်အနေဖြင့် ကျန်းမာရွှင်လန်း၍ အေးချမ်းပါစေကြောင်းနှင့် မြန်မာနိုင်ငံပြည်သူအပေါင်း ငြိမ်းချမ်း၍ ကျန်းမာပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားအားလပ်ရက်ဖြစ်သော လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ရုရှား - မြန်မာဆက်ဆံရေးသည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုရှိပါသည်။ မိမိတို့နှစ်နိုင်ငံ ပူးတွဲဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် အာရှ-ပစိဖိတ်ဒေသ တည်ငြိမ်မှုနှင့် လုံခြုံမှု ပိုမိုခိုင်မာစေရေးအတွက် နယ်ပယ်ကဏ္ဍစုံတွင် နှစ်ဖက်အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ ထပ်မံတိုးမြှင့် လုပ်ဆောင်နိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

၂၀၂၄ ခုနှစ်၊ နှစ်သစ်အခါသမယတွင် အဆွေတော်အား နှုတ်ခွန်းဆက်သအပ်ပါသည်။ အဆွေတော် ကျန်းမာပျော်ရွှင်၍ အောင်မြင်မှုများရရှိပြီး မြန်မာပြည်သူများအားလုံး ငြိမ်းချမ်း၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ရာနေးလ် ဝစ်ခရီမီဆင်းဟီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဖော်ပြလျက် ဆုမွန်ကောင်း ပို့သအပ်ပါသည်။

ထေရဝါဒဗုဒ္ဓဘာသာနှင့် တူညီသော ယဉ်ကျေးမှုစံနှုန်းများအပေါ် အခြေခံလျက်ရှိသည့် သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ကာလရှည်ကြာ တည်ရှိနေသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် ရာစုနှစ်ပေါင်းများစွာတိုင်အောင် ဆက်လက်တိုးတက်ခိုင်မာလျက်ရှိပါသည်။ လာမည့်နှစ်များတွင်လည်း နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုခိုင်မြဲလာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

မြန်မာပြည်သူများ ငြိမ်းချမ်းပျော်ရွှင်၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေးလ် မီရှုစတင် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အမျိုးသားရုံးပိတ်ရက် အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ ကိုယ်စား မိမိက ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံသည် ချစ်ကြည်ရင်းနှီးသော မိတ်ဖက်ဆက်ဆံရေးရှိပါသည်။ မိမိတို့နှစ်နိုင်ငံအစိုးရ၏ တက်ကြွသောပူးတွဲလုပ်ဆောင်ချက်သည် ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေမည့် နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာချမ်းသာပြီး လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် ခင်မင်ဖော်ရွေသော မြန်မာပြည်သူများ ပျော်ရွှင်၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်မဟာ ပဝရ ဓိပတိ ဟွန်မာနက် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအား ကမ္ဘောဒီးယားနိုင်ငံ အစိုးရနှင့် ပြည်သူများကိုယ်စား မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား နှစ်ကာလကြာရှည်စွာ တည်ဆောက်ထားရှိခဲ့သည့် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးမှာ ပိုမိုခိုင်မြဲလာကြောင်း တွေ့မြင်ရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။ မိမိတို့နှစ်နိုင်ငံအကြားရှိ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမှာ ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့အတွက် နှစ်နိုင်ငံအကြား သာမက ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများအောက်မှ နှစ်နိုင်ငံ အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဖော်ဆောင်သွားနိုင်မည်ဟု မိမိယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက် ရှိပါကြောင်းနှင့် အဆွေတော် ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများ ဆက်လက်ရရှိပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရိုမန် ဂိုလော့ဗ်ချန်ကို ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဘယ်လာရုစ်သမ္မတနိုင်ငံအစိုးရကိုယ်စား မိမိအနေဖြင့် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ဘယ်လာရုစ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အပြန်အလှန်နားလည်ယုံကြည်မှု၊ လက်ရှိကမ္ဘာ့နှင့် ဒေသတွင်းရေးရာများအပြင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်နှင့် မိမိတို့၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု အခွင့်အရေးဖြင့် ဆောင်ရွက်မှုတို့အပေါ် တူညီသော အမြင်ရှိမှုတို့ကို အခြေခံ၍ ကောင်းမွန်သည့်ဆက်ဆံရေးကို တည်ဆောက်ထားပါသည်။

ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်သွားရန် ဆန္ဒရှိပြီး၊ နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းစေမည့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို တဖြည်းဖြည်း မြှင့်တင်သွားရန် ရည်ရွယ်ပါသည်။

စီးပွားရေးအရ ထိတွေ့ဆက်ဆံမှုများကို အရှိန်မြှင့်တင်ခြင်းနှင့် ပူးတွဲစီးပွားရေး စီမံချက်များကို အကောင်အထည်ဖော်ခြင်းက နှစ်နိုင်ငံ အောင်မြင်သော ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်နှင့် ဘယ်လာရုစ်-မြန်မာ နှစ်နိုင်ငံပြည်သူများ၏ သာယာဝပြောမှု တိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေမည်ဟု မိမိတို့အနေဖြင့် ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာစေရန်နှင့် နိုင်ငံ့တာဝန်များ ထမ်းဆောင်ရာတွင် အောင်မြင်မှုများ ရရှိပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းနှင့် အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာဒီဒီယဲ လာဘိုယီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခါသမယတွင် အယ်လ်ဂျီးရီးယားအစိုးရကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် အဆွေတော်၏ လုပ်ငန်းဆောင်တာများ ဖြစ်ထွန်းအောင်မြင်ရန် လှိုက်လှိုက်လှဲလှဲ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ယခုကဲ့သို့ ပျော်ရွှင်ဖွယ်အခါသမယတွင် အယ်လ်ဂျီးရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာစေရန်နှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များအပေါ် ဆွေးနွေးနိုင်ရန် နှစ်နိုင်ငံအကြား နိုင်ငံရေးရာဆွေးနွေးပွဲများ ထူထောင်ရန် မျှော်လင့်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံခြားရေးဝန်ကြီးများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံခြားရေးဝန်ကြီးများက ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လက်ဗ်ရော့ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသား အားလပ်ရက်ဖြစ်သော လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့ဖြင့် ဖော်ကျူးထားသည့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးအပေါ် မိမိတို့အနေဖြင့် လွန်စွာကျေနပ်အားရမိပါသည်။ ယုံကြည်မှုကို အခြေခံသည့် နိုင်ငံရေးဆွေးနွေးပွဲ၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ထိတွေ့ဆက်ဆံမှုများနှင့် နိုင်ငံတကာနှင့် ဒေသတွင်းမျက်နှာစာတို့တွင် ညှိနှိုင်းဆောင်ရွက်မှုများကို တစိုက်မတ်မတ်မြှင့်တင်ရန် ရည်ရွယ်ပါသည်။ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ခြင်းဖြင့် မိမိတို့နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားနှင့် အာရှ-ပစိဖိတ်ဒေသ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူဖြစ်စေမည်ဟု မိမိတို့အနေဖြင့် ယုံကြည်ပါသည်။

အဆွေတော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံး ကျန်းမာ၊ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆုပ်ဂျန်ဒါ ဆိုဖီးအာ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ကာလရှည်ကြာ တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ကဏ္ဍရပ်များစွာ၌ နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုများမှာ ခိုင်မာ၍ အကျိုးဖြစ်ထွန်းလျက်ရှိသော နှစ်နိုင်ငံ ဆက်ဆံရေး၏ သက်သေများဖြစ်သည်ကို ဝမ်းမြောက်စွာ မှတ်သားမိပါသည်။ လာမည့်နှစ်များအတွင်း မိမိတို့ နှစ်နိုင်ငံအကြား တည်ရှိသည့် ချစ်ကြည်ရင်းနှီးမှုတို့အနေဖြင့် ပိုမိုတိုးတက်ဖြစ်ထွန်းလာလိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။ မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးအား ပိုမိုခိုင်မာစေရန်နှင့် နှစ်နိုင်ငံနှင့် ဒေသတွင်း ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် သာယာဝပြောမှုတို့အတွက် ဒေသတွင်းနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မူဘောင်များအောက်၌ အဆွေတော်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက် ရှိပါကြောင်းနှင့် မြန်မာနိုင်ငံပြည်သူများ ပိုမိုသာယာဝပြောစေပါကြောင်းနှင့် အဆွေတော်၏ ကြိုးပမ်းဆောင်ရွက်ချက်အားလုံးအနေဖြင့် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂေး အယ်လယ်နိခ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

လွန်ခဲ့သည့် စက်တင်ဘာလအတွင်းက မင့်စ်မြို့တွင် အဆွေတော်နှင့် တွေ့ဆုံဆွေးနွေးခဲ့မှုကို ကောင်းစွာ အမှတ်ရလျက်ရှိပါသည်။ ယင်းတွေ့ဆုံမှုတွင် အကျိုးရှိရှိ ဆွေးနွေးနိုင်ခဲ့မှုနှင့် နှစ်နိုင်ငံရေးရာများကို ကျယ်ကျယ်ပြန့်ပြန့် အမြင်ချင်းဖလှယ်နိုင်ခဲ့သည့် အခြေအနေများကို မိမိအနေဖြင့် ဝမ်းမြောက်စွာ မှတ်သားမိပါသည်။

ထိုသို့တွေ့ဆုံဆွေးနွေးမှုများသည် အပြန်အလှန် ယုံကြည်မှုနှင့် နားလည်မှုတို့ကို တိုးမြှင့်စေရေး အထောက်အကူပြုပြီး၊ နှစ်နိုင်ငံအကြား နောက်ထပ်ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းသစ်များကို ဖွင့်လှစ်ဖော်ဆောင်ပေးသည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် ဘယ်လာရုစ်နိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါကြောင်းနှင့် မိမိတို့နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နိုင်ငံရေးရာ ညှိနှိုင်းဆွေးနွေးပွဲများမှတစ်ဆင့်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မိမိအနေဖြင့် မင့်စ်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၏ အကျိုးဖြစ်ထွန်းသော လုပ်ငန်းဆောင်ရွက်မှု အထူးသဖြင့် ကုန်သွယ်ရေးကဏ္ဍအတွက် ကျေးဇူးတင်အသိအမှတ်ပြုပါသည်။

အဆွေတော် ကျန်းမာစေရန်နှင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အောင်မြင်မှုများ ဆက်လက်ရရှိပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းနှင့် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

### ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အလီ ဆာဘရီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်ထံသို့ နွေးထွေးလှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

နှစ်နိုင်ငံအကြား ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ တူညီမှုများကို အခြေခံ၍ တည်ရှိခဲ့သော ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေးသည် ဆက်လက်တိုးတက်ခိုင်မာလာသည်ကို မိမိအနေဖြင့် ဝမ်းမြောက်စွာ တွေ့မြင်ရပါသည်။ နှစ်နိုင်ငံအကြား ကာလရှည်ကြာ တည်ရှိခဲ့သော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မြဲလာစေရေးနှင့် နှစ်နိုင်ငံအကျိုးစီးပွားအတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များတွင် ပိုမိုတိုးမြှင့်ပူးပေါင်း ဆောင်ရွက်သွားနိုင်မည်ဟု မိမိအနေဖြင့် မျှော်လင့်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက် ရှိပါကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ပြည်သူများ စဉ်ဆက်မပြတ် သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ချိုဆွန်းဟွာ ထံမှ ပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော်၏လုပ်ငန်းဆောင်တာများ အောင်မြင်စေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃

ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးဖြင့် ချစ်ခင်ရင်းနှီးမှုရရှိစေရေးနှင့် ဝန်ထမ်းများ တက်ကြွရွှင်လန်းစွာဖြင့် လုပ်ငန်းတာဝန်များကို ပိုမိုထမ်းရွက်နိုင်စေရေး ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများမှ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်နှင့် ဦးရန်ကျော် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ဝန်ထမ်းများနှင့် ဘော်လီဘောဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြိုင်ပွဲဝင် အားကစားသမားများ၏ စိတ်ဆန္ဒပြင်းပြမှု၊ ပရိသတ်များ၏ တစ်ခဲနက် အားပေးမှုများဖြင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ ပြိုင်ပွဲဝင်အားကစားသမားများက မိမိတို့ဝန်ကြီးဌာနအတွက် အနိုင်ရယူလိုစိတ် ပြင်းထန်စွာဖြင့် အားကြိုးမာန်တက် ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးဇင်မင်းထက်၊ ဦးမျိုးလှိုင်နှင့် ဗိုလ်ချုပ် အောင်လင်းထွန်းတို့က အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် အကောင်းဆုံးစပေးဘောဆု၊ အကောင်းဆုံး ပင့်ထောင်ဆု၊ အကောင်းဆုံး ရိုက်ခုတ်ဆု၊ အကောင်းဆုံး ပိတ်ဆို့ဆု၊ အကောင်းဆုံး ခုခံဆယ်မဆု၊ အကောင်းဆုံးအမျိုးသမီး ဘော်လီဘောအားကစားသမားဆု ရရှိကြသူများကိုလည်းကောင်း၊ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် အကောင်းဆုံး စပေးဘောဆု၊ အကောင်းဆုံး ပင့်ထောင်ဆု၊ အကောင်းဆုံး ရိုက်ခုတ် ဆု၊ အကောင်းဆုံး ပိတ် ဆို့ဆု၊ အကောင်းဆုံး ခုခံဆယ်မဆုနှင့် အကောင်းဆုံးအမျိုးသား ဘော်လီဘော အားကစားသမားဆုရရှိကြသူများကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းတို့ကို ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် အမျိုးသားဘော်လီဘော ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းတို့ကို တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်နှင့် ခွန်စံလွင်တို့က အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ကို တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေ က အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့်အတူ တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အသင်းအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့်အတူ တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲတွင် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံး ပြိုင်ပွဲတွင် အသင်းငါးသင်း၊ အသက်(၂၅)နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲတွင် ၁၅သင်း၊ အမျိုးသားဘော်လီဘော ပြိုင်ပွဲတွင် ၁၆ သင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ခြောက်သင်း၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ၂၅ သင်း၊ အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ၁၈ သင်း၊ ထုပ်ဆီးတိုး ပြိုင်ပွဲတွင် ၂၃ သင်း၊ အမျိုးသား လွန်ဆွဲပြိုင်ပွဲတွင် ၂၄ သင်းနှင့် အမျိုးသမီးလွန်ဆွဲပြိုင်ပွဲတွင် ၁၉ သင်း ဝင်ရောက်ပါဝင် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မလှိုင်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်

**မလှိုင် ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ဆည်တိုကျေးရွာအုပ်စု ခြောက်ပေါက်ကြီးကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ပြီးစီးခဲ့သော ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက လမ်းရေရှည်တည်တံ့စေရေးအတွက် ဒေသခံပြည်သူများအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါလမ်းသည် အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေရှိပြီး ခြောက်ပေါက်ကြီးကျေးရွာရှိ အိမ်ခြေ ၁၅၀ မှ လူဦးရေ ၁၀၀၀ ကျော် အား အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**

# စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၃ / ၂၀၂၄**
**၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်**
**( ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ရေးဆွဲနိုင်ရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် အောက်ဖော်ပြပါ ညီလာခံကိုယ်စားလှယ်များကို စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်အား ချီးမြှင့်အပ်နှင်းလိုက်သည်-

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်**
**လူမှုထူးချွန်တံဆိပ် (ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ် မျိုးမြင့်(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးချုပ် မင်းသိန်းတင့် (ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး |
| ၄။ | ဦးထွန်းထွန်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | နိုင်ငံတော်သမ္မတရုံး |
| ၅။ | ဦးချစ်ခင် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပို့ဆောင်ရေးဝန်ကြီးဌာန |
| ၆။ | ဦးကြည်သန်း | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) | ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန |
| ၇။ | ဦးကျော်ဆန်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ရထားပို့ဆောင်ရေးဝန်ကြီးဌာန |
| ၈။ | ဦးလှသောင်းမြင့် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ရထားပို့ဆောင်ရေးဝန်ကြီးဌာန |
| ၉။ | ဗိုလ်မှူးကြီး မိုးမြင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဗိုလ်မှူးကြီး မြင့်အုန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဗိုလ်မှူးကြီး ဝင်းနောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဗိုလ်မှူးကြီး ထိန်လင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဗိုလ်မှူးကြီး ညွန့်ဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | ဦးသန်းညွန့် | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| ၁၅။ | ဗိုလ်မှူးကြီး သိန်းလွင် | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| ၁၆။ | ဦးကိုကိုကျော် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၇။ | ဦးတင့်တယ် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၈။ | ဗိုလ်မှူးကြီး သန်းဝင်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန |
| ၁၉။ | ဦးမြင့်သိန်း | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၂၀။ | ဦးစန်းလွင် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | သာသနာရေးဝန်ကြီးဌာန |
| ၂၁။ | ဦးမြင့်သိန်းဆွေ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၂၂။ | ဦးမောင်မောင်တင် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | သစ်တောရေးရာဝန်ကြီးဌာန |
| ၂၃။ | ဦးဆန်းထွန်း | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) | သတ္တုတွင်းဝန်ကြီးဌာန |
| ၂၄။ | ဦးလှသိန်း | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) | သတ္တုတွင်းဝန်ကြီးဌာန |
| ၂၅။ | ဦးစိန်သန်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | စက်မှုဝန်ကြီးဌာန |
| ၂၆။ | ဦးကျော်မြင့် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | အမှတ်(၁)စက်မှုဝန်ကြီးဌာန |
| ၂၇။ | ဦးတင်ရီ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန |
| ၂၈။ | ဦးမောင်ငွေး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန |
| ၂၉။ | ဒေါက်တာခင်ဇော် | ပါမောက္ခချုပ်(ငြိမ်း) | ပညာရေးဝန်ကြီးဌာန |
| ၃၀။ | ဦးစန်းတင့် | ပါမောက္ခချုပ်(ငြိမ်း) | ပညာရေးဝန်ကြီးဌာန |
| ၃၁။ | ဒေါက်တာညွန့်လွင် | ပါမောက္ခချုပ်(ငြိမ်း) | မန္တလေးတက္ကသိုလ် |
| ၃၂။ | ဗိုလ်မှူးကြီး တင်ထွဋ် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| ၃၃။ | ဒေါက်တာဘမြင့် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၄။ | ဒေါက်တာမေဝင်းအောင်ခင် | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၅။ | ဒေါက်တာသာလှရွှေ | ပါမောက္ခချုပ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၆။ | ဦးသန်းဦး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃၇။ | ဦးစိန်လှ | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | အစိုးရအဖွဲ့ရုံး |
| ၃၈။ | ဦးထွန်းထိန် | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး |
| ၃၉။ | ဦးဝေမြင့် | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး |
| ၄၀။ | ဦးတင်စိုး | အထွေထွေမန်နေဂျာ | ပို့ဆောင်ရေးဝန်ကြီးဌာန |
| ၄၁။ | ဦးမြင့်သိန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | ပို့ဆောင်ရေးဝန်ကြီးဌာန |
| ၄၂။ | ဦးလှမြင့် | ရုံးအဖွဲ့မှူး | ရထားပို့ဆောင်ရေးဝန်ကြီးဌာန |
| ၄၃။ | ဒုတိယဗိုလ်မှူးကြီး သိန်းထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၄။ | ဒုတိယဗိုလ်မှူးကြီး ထွန်းဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၅။ | ဒုတိယဗိုလ်မှူးကြီး ဝင်းတင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၆။ | ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်မော် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၇။ | ဒုတိယဗိုလ်မှူးကြီး စိုးမြင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၈။ | ဒုတိယဗိုလ်မှူးကြီး တင်ထွန်းပွား | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၉။ | ဒုတိယဗိုလ်မှူးကြီး ထင်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၀။ | ဒုတိယဗိုလ်မှူးကြီး ဟန်ထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၁။ | ဒုတိယဗိုလ်မှူးကြီး တင်သိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၂။ | ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၃။ | ဒုတိယဗိုလ်မှူးကြီး ဝေလင်းအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၄။ | ဒုတိယဗိုလ်မှူးကြီး ချစ်ဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၅။ | ဒုတိယဗိုလ်မှူးကြီး ညွန့်တင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၆။ | ဒုတိယဗိုလ်မှူးကြီး စိုးတင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၇။ | ဒုတိယဗိုလ်မှူးကြီး သန်းဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၈။ | ဒုတိယဗိုလ်မှူးကြီး ဝင်းဆွေထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၉။ | ဦးဝင်းကြည် | အထွေထွေမန်နေဂျာ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၆၀။ | ဦးဝင်းသိန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | သတ္တုတွင်းဝန်ကြီးဌာန |
| ၆၁။ | ဦးရွှေကျော် | ဒုတိယညွှန်ကြားရေးမှူးချုပ် | သစ်တောရေးရာဝန်ကြီးဌာန |
| ၆၂။ | ဦးစောလွင် | ပါမောက္ခ | သမဝါယမဝန်ကြီးဌာန |
| ၆၃။ | ဦးသိန်းဇံ | ကျောင်းအုပ်ကြီး | စက်မှုလက်မှုသိပ္ပံ(အင်းစိန်) |
| ၆၄။ | ဦးထင်ကျော် | စက်ရုံမှူး | အမှတ်(၁)စက်မှုဝန်ကြီးဌာန |
| ၆၅။ | ဦးညွန့်အောင် | အထွေထွေမန်နေဂျာ | အမှတ်(၁)စက်မှုဝန်ကြီးဌာန |
| ၆၆။ | ဦးမောင်မောင်ကြည် | အထွေထွေမန်နေဂျာ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| ၆၇။ | ဒေါ်ခင်သန်းနွယ် | ပါမောက္ခ၊ ရူပဗေဒဌာန | ပညာရေးဝန်ကြီးဌာန |
| ၆၈။ | ဒေါက်တာဇော်လင်း | ပါမောက္ခ၊ ဒဿနိကဗေဒဌာန | ပညာရေးဝန်ကြီးဌာန |
| ၆၉။ | ဒေါ်ပို | ပါမောက္ခ၊ မြန်မာစာဌာန | ပညာရေးဝန်ကြီးဌာန |
| ၇၀။ | ဦးခင်မောင်ကြည် | ကျောင်းအုပ်ကြီး | ပညာရေးဝန်ကြီးဌာန |
| ၇၁။ | ဒေါက်တာ ဆွေဆွေအေး | ပါမောက္ခ(ရန်ကုန်) | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| ၇၂။ | ဒေါက်တာမျိုးဝင်း | ပါမောက္ခ(ဌာနမှူး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၃။ | ဒေါက်တာသိန်းညွန့် (ညွန့်ဝေ၊ ကသာ) | ပါမောက္ခ(ဌာနမှူး) ခွဲစိတ်ကုဆရာဝန်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၄။ | ဒေါက်တာစိုးသိန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၅။ | ဒေါက်တာလှဖေ | ဒုတိယညွှန်ကြားရေးမှူးချုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၆။ | ဒေါက်တာစောဆိုင်မွန်သာ | ပါမောက္ခဌာနမှူး(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၇။ | ဦးသိန်းအောင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | အားကစားဝန်ကြီးဌာန |
| ၇၈။ | ဦးစိုးညွန့် | အင်ဂျင်နီယာချုပ် (အဆောက်အဦ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၇၉။ | ဦးခင်ကြွယ် | အကြံပေးပုဂ္ဂိုလ်(ငြိမ်း) | နိုင်ငံတော်သမ္မတရုံး |
| ၈၀။ | ဦးအံ့မောင် | အကြံပေးပုဂ္ဂိုလ်(ငြိမ်း) | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး |
| ၈၁။ | ဦးစိုးဝင်း | အကြံပေးပုဂ္ဂိုလ်(ငြိမ်း) | မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန |
| ၈၂။ | ဦးသိန်းဝင်း | အကြံပေးပုဂ္ဂိုလ်(ငြိမ်း) | သစ်တောရေးရာဝန်ကြီးဌာန |
| ၈၃။ | ဦးလှတင် | အကြံပေးပုဂ္ဂိုလ်(ငြိမ်း) | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| ၈၄။ | ဦးတင်ဝင်း | ညွှန်ကြားရေးမှူး | တရားရုံးချုပ် (ရန်ကုန်) |
| ၈၅။ | ဦးဉာဏ်ထွန်း | ညွှန်ကြားရေးမှူး | တရားရုံးချုပ် |
| ၈၆။ | ဦးဝင်းတင် | တိုင်းတရားသူကြီး (ပဲခူးတိုင်း) | တရားရုံးချုပ် |
| ၈၇။ | ဦးစိုးမြင့်သိန်း | ညွှန်ကြားရေးမှူး | ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး |
| ၈၈။ | ဦးတင်ထွေး | ဒုတိယအထွေထွေမန်နေဂျာ | ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန |
| ၈၉။ | ဒေါ်ညွန့်ညွန့်ရွှေ | ညွှန်ကြားရေးမှူး | အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |
| ၉၀။ | ဦးအေးကို | ညွှန်ကြားရေးမှူး | အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |
| ၉၁။ | ဦးစောနိုင် | ညွှန်ကြားရေးမှူး | ရှေ့နေချုပ်ရုံး |
| ၉၂။ | ဦးလှမြိုင် (ကိုဆောင်း) | အယ်ဒီတာချုပ်(ငြိမ်း) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၉၃။ | ဦးတင်မောင်လွင် | တွဲဖက်ပါမောက္ခ၊ ပန်းချီ | ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၉၄။ | ဦးအောင်ကြည်သိန်း | ဒုတိယအထွေထွေမန်နေဂျာ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၉၅။ | ဦးဇော်မြင့် | ညွှန်ကြားရေးမှူး | သမဝါယမဝန်ကြီးဌာန |
| ၉၆။ | ဦးရဲမြင့်စိုး | ညွှန်ကြားရေးမှူး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၉၇။ | ဦးခင်မောင်ကြည် | ညွှန်ကြားရေးမှူး | အမှတ်(၂)စက်မှုဝန်ကြီးဌာန |
| ၉၈။ | ဦးငွေမိုး | ညွှန်ကြားရေးမှူး | အမှတ်(၂)စက်မှုဝန်ကြီးဌာန |
| ၉၉။ | ဦးစိုးမြင့် | ညွှန်ကြားရေးမှူး | အမှတ်(၂)စက်မှုဝန်ကြီးဌာန |
| ၁၀၀။ | ဦးကျော်ညွန့် | ညွှန်ကြားရေးမှူး | အလုပ်သမားဝန်ကြီးဌာန |
| ၁၀၁။ | ဦးတင်အောင်ဝင်း | ဒုတိယအထွေထွေမန်နေဂျာ | အလုပ်သမားဝန်ကြီးဌာန |
| ၁၀၂။ | ဦးပြေသိန်း | တွဲဖက်ပါမောက္ခ၊ သင်္ချာဌာန | ပညာရေးဝန်ကြီးဌာန |
| ၁၀၃။ | ဒေါက်တာအောင်မြင့်ဦး | တွဲဖက်ပါမောက္ခ | ပညာရေးဝန်ကြီးဌာန |
| ၁၀၄။ | ဒေါ်ချိုချိုစွမ် | တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန | ပညာရေးဝန်ကြီးဌာန |
| ၁၀၅။ | ဒေါက်တာမြင့်သိန်း | ဌာနမှူး၊ သင်္ချာဌာန | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| ၁၀၆။ | ဦးအောင်သိန်း | ဒုတိယအင်ဂျင်နီယာချုပ်(လျှပ်စစ်) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၀၇။ | ဦးကျော်သန့် | ညွှန်ကြားရေးမှူး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၀၈။ | ဦးသောင်းရွှေ | ညွှန်ကြားရေးမှူး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၀၉။ | ဒုတိယဗိုလ်မှူးကြီးကျင်မောင် | ညွှန်ကြားရေးမှူး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၁၁၀။ | ဦးရန်နိုင် | ညွှန်ကြားရေးမှူး | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန |
| ၁၁၁။ | ဦးအောင်မြင်သူ | ညွှန်ကြားရေးမှူး | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန |
| ၁၁၂။ | ဦးမြင့်အောင် | ညွှန်ကြားရေးမှူး | စာရင်းစစ်ချုပ်ရုံး |

*(ဆက်လက်ဖော်ပြပါမည်)*




၂၀၂၄ ခုနှစ်၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပွဲတော် အား ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက် ညနေ (၁၈၀၀)နာရီမှစတင်၍ ည(၂၂၀၀)နာရီအချိန်ထိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါပွဲတော်တွင် နိုင်ငံကျော် ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များ၊ DJ များ၊ အကအဖွဲ့များနှင့် မျိုးဆက်သစ်တေးသံရှင်များစွာဖြင့် ဖျော်ဖြေတင်ဆက်ပြီး မီးရှူး၊ မီးပန်း ပစ်ဖောက်ခြင်းများအပါအဝင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ပါဝင်ဆင်နွှဲနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

▼ *ကျောဖုံးမှ*

အသင်း ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ မြန်မာကလပ်များအနေဖြင့် ယခင်က အာရှဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့် ကလပ်ပြိုင်ပွဲတွင်သာ ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း ယခုပြိုင်ပွဲကျင်းပမည်ဖြစ်သောကြောင့် ပြိုင်ပွဲ တစ်ခု ထပ်တိုးလာခြင်းဖြစ်သည်။

၂၀၀၃ နှင့် ၂၀၀၅ ခုနှစ်တွင် ကျင်းပပြီးနောက် ဆယ်စုနှစ် နှစ်ခုနီးပါး ကျင်းပနိုင်ခြင်းမရှိသည့် အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲကို ပြီးခဲ့သည့်နှစ်အနည်းငယ်ကတည်းက ကျင်းပရန် စီစဉ်ခဲ့သော်လည်း ကပ်ရောဂါကြောင့် ပျက်ပြယ်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ရာသီတွင် ပြန်လည်ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

✳ *ကျောဖုံးမှ*

ဘရိုက်တန်ကွင်းလယ်ကစားသမား ဂျိမ်းစ်မီလ်နာသည် ယခုပွဲစဉ်မှာ ၎င်း၏ ပရီမီယာလိဂ် ၆၃၂ ပွဲမြောက် ပွဲစဉ်ကို ကစားခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး ယခင်ပရီမီယာလိဂ် ပွဲအများဆုံး စံချိန်တင်မှတ်တမ်းတင်ထားသည့် ရှိုင်ယန်ဂစ်၏ စံချိန်ကို လိုက်မီခဲ့သည်။ ထို့ကြောင့် ဂျိမ်းစ်မီလ်နာသည် လာမည့်ပွဲစဉ်တွင် ဘရိုက်တန်အသင်းနှင့် ပွဲထွက်ခွင့်ရရှိပါက ပရီမီယာလိဂ်၌ ပွဲအများဆုံးကစားသည့် စံချိန်မှတ်တမ်းသစ်ရေးထိုးနိုင်ဖွယ်ရှိနေသည်။

ဘရိုက်တန်အသင်းသည် ဝက်စ်ဟမ်းအသင်းကို သရေကျခဲ့သော်လည်း ဂိုးကွာခြားချက်အသာဖြင့် နာမည်ကြီး မန်ယူအသင်းထက်တွင် ရပ်တည်နိုင်ခဲ့သည်။ လာမည့်ပွဲစဉ်တွင် ဘရိုက်တန်အသင်းက ဝုဖ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဝက်စ်ဟမ်းအသင်းက အက်ဖ်အေဖလားပြိုင်ပွဲတွင် ဘရစ္စတိုးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော် |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်းသတင်းထောက်များ** | - | ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၁ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၄၀ ကျပ် | ၂၄၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၅၀ ကျပ် | ၂၆၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၅၅ ကျပ် | ၂၇၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**အားကစားမြင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင် မူးယစ်ဆေး**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၉၇၅ | ၈၄၄၁၂၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၁၂၈၆ | ၃၆၆၂၇၀၀ |
| MCB | ၇၅၀၀ | ၇၉၀၀ | ၁၄၆ | ၁၁၀၉၀၀၀ |
| FPB | ၁၆၀၀ | ၁၆၀၀ | ၃၀၁၃ | ၄၆၇၁၀၀၀ |
| TMH | ၂၄၀၀ | ၂၅၀၀ | ၁၇ | ၄၁၅၀၀ |
| EFR | ၁၉၅၀ | ၂၀၀၀ | ၆၇၇ | ၁၂၈၈၉၅၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၄၁ | ၁၉၂၇၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၈၇၉ | ၁၅၃၈၂၀၀ |

ညီညီ - စုစည်းသည်

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဝါးကြီးအိုင်ကျေးရွာအုပ်စု၊ ငွေလေးကျေးရွာ (အထက-ခွဲ) Grade-11 မှ မသိမ့်မွန်စိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော် ၈/မသန(နိုင်)၀၈၁၂၀၁ ဖြစ်ပါကြောင်း။

**ဦးမောင်ဇော်**
**၈/မသန(နိုင်)၀၈၁၂၀၁**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 69W/79678, Honda Alpha 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းမြတ် ၈/ပဖန(နိုင်)၁၂၆၂၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး**
**(မင်းဘူး)**

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး
## ပထမဖောင်းရစ်ရွှေစင်ရွှေပြားကပ်လှူခြင်းလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ် ရွှေစင်ရွှေပြား ကပ်လှူပူဇော်နိုင်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လိုသော မြန်မာနိုင်ငံသား ကုမ္ပဏီ/အဖွဲ့အစည်းများကို အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

၁'ပတ်လည် ရွှေစင်ရွှေပြား (၃၄၈၅-၇၈)ပြား ထုတ်လုပ်ခြင်းနှင့် ကြေးဘောင်တပ်ဆင်ပြီး ရွှေစင်ရွှေပြားများ တပ်ဆင်ခြင်းလုပ်ငန်း၊

၂။ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကို အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည်ဖြစ်ပါ သည်-

(က) **လျှောက်လွှာထုတ်ယူရမည့်ရက်** - ၅-၁-၂၀၂၄ရက်(သောကြာနေ့)
(ခ) **လျှောက်လွှာပိတ်မည့်ရက်၊ အချိန်**- ၁၉-၁-၂၀၂၄ရက် (သောကြာနေ့) ညနေ ၃နာရီ
(ဂ) **လျှောက်လွှာထုတ်ယူ/တင်သွင်း ရမည့်နေရာ** - ဥပ္ပါတသန္တိစေတီတော်၊ ဂေါပက အဖွဲ့ရုံး

၃။ တင်ဒါလျှောက်လွှာများနှင့်စည်းကမ်းချက်(၁)စုံလျှင် (၁၀၀၀၀/-) (ကျပ်တစ်သောင်းတိတိ)ဖြင့် ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၅၁၃၅၆၉၈၊ ၀၉-၄၃၀၂၇၄၈၈၊ ၀၉-၄၄၂၂၅၂၆၇၀၊ ၀၉-၂၅၃၀၉၅၈၃၄၊ ၀၉-၉၇၂၅၅၄၃၁၀ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင် (၂၀၀)ဆံ့ ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီး-ဗိုလ်တထောင်မြို့နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ခုတင် (၂၀၀)ဆံ့ ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီးတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အရေးပေါ်လာရောက်ကုသသော လူနာများနှင့် ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအား အခမဲ့ ထောက်ပံ့ပေးရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့် ဆေးပစ္စည်းများ၊ Consumable များ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းသုံး ပစ္စည်းများကို မြန်မာကျပ်ငွေနှင့် ဝယ်ယူမည် ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု လိုင်စင်ရ ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၅-၁-၂၀၂၄ ရက် (သောကြာနေ့)
**စတင်ရောင်းချမည့်ရက်** - နံနက် ၁၀ နာရီ
**တင်ဒါဖောင်ပိတ်မည့်ရက်** - ၁၉-၁-၂၀၂၄ရက် (သောကြာနေ့) ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ခုတင် (၂၀၀)ဆံ့ ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးခန်းတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီး** - ဗိုလ်တထောင်မြို့နယ်
**ဆက်သွယ်ရမည့်ဖုန်းနံပါတ်** - ၀၉-၇၈၈၁၂၈၀၈၈၊ ၀၉-၄၀၂၅၃၂၈၈၂၊၀၉-၇၉၂၃၅၆၆၂၃

## မိတ္ထီလာစီးပွားရေးတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပရေး ကော်မတီက ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆၊ ၁၇၊ ၁၈) ရက်တွင် ကျင်းပမည့် ဘွဲ့နှင်းသဘင် အခမ်းအနား၌ ဘွဲ့နှင်းသဘင်ခန်းမ(အတွင်း-အပြင်) ဓာတ်ပုံမှတ်တမ်းရိုက်ကူးရေးလုပ်ငန်းခွင့်ပြုနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းရန် လျှောက်လွှာပုံစံများကို (၁၈-၁-၂၀၂၄)ရက်မှစ၍ ရုံးဖွင့်ရက် ရုံးချိန်အတွင်း တစ်စောင်လျှင်(၅၀၀၀/-)(ငါးထောင်ကျပ်)ဖြင့် သင်တန်းရေးရာဌာနတွင် မိမိတို့ လုပ်ကိုင်လျက်ရှိသည့် ဓာတ်ပုံလုပ်ငန်းလိုင်စင် မူရင်းပြသ၍ ဝယ်ယူပြီး မြန်မာ့စီးပွားရေးဘဏ်တွင် P.O.P Cheque ပြုလုပ်၍ (၃၁-၁-၂၀၂၄) ရက် ညနေ ၃နာရီ နောက်ဆုံးထား၍ လုပ်ငန်း ဆောင်ရွက်သူကိုယ်တိုင် မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဓာတ်ပုံတင်ဒါ ခေါ်ယူစိစစ်ရေး ကော်မတီသို့ လာရောက်တင်သွင်းရမည်။ (၁-၂-၂၀၂၄)ရက် နံနက် ၁၀ နာရီတွင် စိစစ်ရွေးချယ်မည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၆၁၅၅၅၉၀၊ ၀၉-၂၆၁၉၆၈၇၀၆သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး၊ ပြည်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ခုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး၊ ပြည်မြို့တွင် လူနာများအား ကုသမှုပေးရန် FDA အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများ၊ ကင်ဆာဆေးဝါးများ အပါအဝင် Speciality ဆေးဝါးများ၊ Consumable for Speciality နှင့် IHC Dialysis သုံးဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်မှန်ခန်းသုံးဆေးနှင့် ဆေးပစ္စည်းများ Oxygen/Lipuid Oxygen အပါအဝင် Basic Consumable များကို မြန်မာကျပ် ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်နှင့်အချိန်**- ၅-၁-၂၀၂၄ရက် (သောကြာနေ့) နံနက် ၁၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၉-၁-၂၀၂၄ရက် (သောကြာနေ့) ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်၊ ဆေးနှင့်ဆေးပစ္စည်းများစာရင်း၊ အသေးစိတ်ကို ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံး ခုတင်(၅၀၀)အထွေထွေ ရောဂါကုဆေးရုံကြီး၊ ပြည်မြို့တွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးကော်မတီ**
**ခုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး၊ ပြည်မြို့**
**ဖုန်း-၀၅၃-၂၀၂၇၃၅၀**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 14U/9190, Xunling 200/3 W(3x2), ယာဉ်လက်ဝယ်ရှိသူ Good Brothers Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး**
**(မကွေး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ် (၂၀၀၆)၊ ဧရိယာ (၀.၀၈၂)ဧကရှိ ဦးထွန်းလွင်(ဘ)ဦးသိန်းဟန် ၁၂/ဥကတ(နိုင်)၀၈၇၃၃၂ အမည်ပေါက် မြေကွက်အား အမည်ပေါက်သူကိုယ်စား ဒေါ်စုစုချိုထွန်း(ခ)ဆုရည်လင်းမြတ် (ဘ)ဦးသန်းထွန်း ၉/အမဇ(နိုင်)၀၂၁၄၇၄မှ အရောင်းအဝယ် စာချုပ်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ အမှတ် (၁၉၀၄/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း များတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၀၄

၁။ ဦးဆွေမြင့်၊ ၂။ ဦးဆွေဦး၊ **နှင့်** ဦးအောင်ကျော်
၃။ ဒေါ်ဝင်းဝင်းအေး၊ ၄။ ဒေါ်ဆွေဆွေနု
၅။ ဒေါ်စန်းစန်းဦး

**တရားလိုများ** **တရားပြိုင်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ် (၅၉)၊ မြေညီထပ်နေ တရားပြိုင် ဦးအောင်ကျော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၄၂ အရ တရားလိုများသည် ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ အကွက်အမှတ်-၇၊ ဘိုးဘွားပိုင်မြေ၊ ဦးပိုင်အမှတ်-၉၅က၊ ဧရိယာ (၀.၀၉၈)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ခိုင်မာစွာဆောက်လုပ်ထားသော အဆောက်အအုံများကို လက်ရှိထားနေထိုင်ခွင့်ရှိသူများဖြစ်ကြောင်း၊ ပြည်မြို့စာချုပ်စာတမ်း မှတ်ပုံတင်စာချုပ်အမှတ်-၄၁/၂၀၁၄သည် ပျက်ပြယ်သောစာချုပ်ဖြစ်ကြောင်း မြွက်ဟကြေညာ၍ ပယ်ဖျက်ပေးရန် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၉ရက်နေ့) မွန်းမတည့်မီ ၁၀:၀၀နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၂ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးမြင့်)**
**ခရိုင်တရားသူကြီး**
**ပြည်ခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ဥယျာဉ်ကျေးရွာအုပ်စု၊ ဥယျာဉ်အရှေ့ကျေးရွာနေ ဦးမောင်သန်း၏သား ကျွန်တော် မောင်မြင့်မောင်မောင်ကျော် ၈/ခမန(နိုင်) ၁၉၀၄၈၉၏ ယခင်နိုင်ငံကူး လက်မှတ်အမှတ်(MG-588165) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၀၁၇၆၇၀၁**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁၂-၂၀၂၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၂၄)ပါ SIME DARBY YANGON LTD(ဖျက်သိမ်းဆဲ) ကာလအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ နုတ်ထွက်သွားပါသဖြင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၈၁(ဃ)အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ လစ်လပ်လျက်ရှိသည်ဟု မှားယွင်းဖော်ပြခဲ့ပါသဖြင့် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈၁(ဃ) အစား လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈၁(က)ဟုပြောင်းလဲပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (ဒ-၆၁၅၀)၊ မြေဧရိယာ (၀.၀၅၅)ဧကရှိ ဦးဝင်းထိန် (ဘ)ဦးစံမြ ၁၂/မရက(နိုင်)၀၇၂၄၄၇ အမည်ပေါက်(ပါမစ်)မြေကွက်ကို ဒေါ်တင်မြင့် (ဘ)ဦးချစ်တင် ၁၄/မအပ(နိုင်)၀၀၄၂၄၂မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မှုရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ် (၄)လမ်း၊ လမ်းသွယ် (၂)၊ အမှတ် (၈၁၉)ရှိ အလျား ၁၅ပေ၊ အနံပေ ၄၀ ရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ မီးအစုံပါ (၂)ထပ်၊ ပျဉ်ထောင်အိမ် (၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အိအိထွေး (၁၂/အစန(နိုင်)၀၆၆၉၁၆) (ဘ)ဦးတင်ရွှေ ဆိုသူက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံသို့ အပြီးအပြတ်ရောင်းချရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသရယူထားပြီး ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်ပြီး ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူကိုမဆို ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၁)ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုသတ်မှတ်နောက်ဆုံးရက်တွင် လာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်သူ (၇/တငန(နိုင်)၁၄၅၄၃၉)၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **၁။ ဒေါ်မူးကေသ (LL.B)** | **၂။ ဒေါ်မျိုးခမ်းအောင်** | **၃။ ဦးကြည်စိုး (LL.B)** |
| **အထက်တန်းရှေ့နေ** | **(LL.B, LL.M)** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၄၇၀၃)** | **အထက်တန်းရှေ့နေ** | **(စဉ်-၇၃၇၂)** |
| | **(စဉ်-၄၉၄၁၁)** | |

**ရုံး-ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၂၆၃၉၀၀၃၉၉၊ ၀၉-၈၈၁၁၆၅၈၁၁၊ ၀၉-၇၉၅၃၉၄၀၉၂**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၃)(ချယ်ရီဥယျာဉ်အိမ်ရာ)၊ မြေကွက်အမှတ်(၁/ဖ-၂၅ A)၊ မြေကွက်တည်နေရာအမှတ်(၁/ဖ-၂၅ A)၊ ချယ်ရီဥယျာဉ်(၃)လမ်း၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်မေမြင့်မိုရ်မင်းခင် ၈/မကန(နိုင်)၁၈၄၀၁၇) အမည်ပေါက်နှစ်(၆၀)မြေအား အမည်ပေါက် ဒေါ်မေမြင့်မိုရ်မင်းခင်၏ SP ဦးဖုန်းမြင့်အောင် (၈/ရနခ(နိုင်)၀၇၈၉၉၄) မြေစာရင်းမှတ်ချက်(၁)ရှိ ၂၀၁၈ခုနှစ်ဘဏ်ချေးမြေပုံမူရင်းနှင့် မြေစာရင်းမှတ်ချက်(၂)ရှိ အရောင်းမြေပုံမူရင်းသည် အသုံးပြုခြင်းမရှိဘဲ ပျောက်ဆုံးသွားပါကြောင်း အဆိုပါ မြေပုံများကို အသုံးပြုခဲ့၍ အခြားသူများကို ပေးကမ်းခြင်း၊ ရောင်းချခဲ့ခြင်းမရှိပါ ၎င်းမြေပုံနှင့် ပတ်သက်၍ အရှုတ်အရှင်း ပေါ်ပေါက်လာပါက အမည်ပေါက် မေမြင့်မိုရ်မင်းခင်၏ ပါဝါရရှိသူ ဦးဖုန်းမြင့်အောင်မှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ နိုင်ကတ်၊ SP မူရင်းတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများ ဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြို့သစ်မြို့၊ ဘုရားကြီးရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၁၁/ဘုရားကြီးရပ်)၊ ဦးပိုင်အမှတ်(၁၇၈/၁-ခ)၊ ဧရိယာ(၀ဒသမ၃၀၄)ဧကရှိ မြေကွက်အား ဦးဇော်ဝင်း-ဒေါ်မြမြစိုး အမည်သို့ မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတို့တွင် ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင် ကြော်ငြာအပ်ပါသည်။

**ဦးဇော်ဝင်း-ဒေါ်မြမြစိုး(ဘုရားကြီးရပ်ကွက်)**
**ဖုန်း-၀၉-၄၀၁၅၉၂၂၈၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊သမိုင်း(၂)ရပ်ကွက်၊ နွယ်သာကီလမ်း၊ တိုက်အမှတ်(၁၄၁)၊ ဒုတိယထပ်(၃-လွှာ)(ခေါင်းရင်းခြမ်း)တိုက် ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးမင်းဆွေ ၈/ထလန(နိုင်)၀၀၀၅၂၃ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာအေး ၁၁/မပန(နိုင်)၁၀၇၉၆၈ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၃၉၉၊ ၀၉-၄၄၃၀၂၆၁၃၉၉**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးလှဝင်း ၁၂/သဃက(နိုင်)၀၉၆၃၉၈၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ နှင်းဆီကုန်းလမ်းမကြီး၊ အမှတ်(၆၃)နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေး ကြေညာပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ လှည်းငုတ်ချောင်းကျေးရွာ၊ ရေတွင်းကုန်းဘောင်၊ ကွင်းအမှတ်(၆၂၉-ဘီ)၊ မြေစာရင်းပုံစံ -၁၀၅၊ ဦးပိုင်အမှတ် (၂၈/၃)၊ အမှတ်(၂၄၀)၊ မြေအကျယ် ဧရိယာ(၅ဒသမ၆၀)ဧကအကျယ် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်မိတ်ဆွေ ဦးလှဝင်းသည် ဦးစိန်သန်း ၁၂/မဂဒ(နိုင်)၀၁၃၈၄၃ထံမှ (၂၇-၇-၂၀၀၉)ခုနှစ်တွင် ဝယ်ယူတရားဝင်ပိုင်ဆိုင်ထားပြီး အထက်ဖော်ပြပါ ပိုင်ဆိုင်မှုအားရန်ကုန်မြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် ၅၅၀၁ဖြင့် တရားဝင်မှတ်ပုံတင်ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေနှင့်အိမ်တို့နှင့် ပတ်သက်၍ လုပ်ပိုင်ခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်မိတ်ဆွေ ဦးလှဝင်းနှင့်သာ သက်ဆိုင်ပြီး ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ဥပဒေနှင့်မညီညွတ်သော လွှဲပြောင်းရောင်းချပေါင်နှံပေးကမ်းခြင်း၊ ဥပဒေနှင့်ဆန့်ကျင်သည့် အာမခံထားခြင်းတို့အား တနည်းနည်းဖြင့် ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းတို့ကို မပြုလုပ်ရန်နှင့် ထိုသို့ တစ်ဦးတစ်ယောက်က ဆောင်ရွက်ခဲ့ပါက ဝယ်ယူလွှဲပြောင်း ပိုင်ဆိုင်ခွင့်ရယူသူတို့အနေနှင့် မိမိတို့၏ တာဝန်အရသာ နစ်နာဆုံးရှုံးမှု အဝဝတို့ကို ခံစားရမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက် အရ-**
**ဒေါ်အေးချမ်းမိုး(LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၁၆၀)**
**အမှတ်(၁၄၀)၊မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွှန့်မြို့ နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁၈၃၉၄၂၈၆**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 65W/73350, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးထက်နိုင်အောင် ၁၄/ဓနဖ(နိုင်)၂၁၃၂၃၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/9089 ယာဉ်လက်ဝယ်ရှိသူ စောဝင်းနိုင်ချို ၃/သတန(နိုင်)၀၀၃၈၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/36607, Honda Wave RSX-110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးဝင်း ၉/ပမန(နိုင်)၂၇၃၇၃၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန**
**(နေပြည်တော်ရုံး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလာတက္ကသိုလ်
## ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း
## (နေ့သင်တန်း/အဝေးသင် သင်တန်း)

မန္တလာတက္ကသိုလ် နေ့သင်တန်းမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ မတ်လနှင့် စက်တင်ဘာလတွင် ကျင်းပခဲ့သော မဟာဝိဇ္ဇာ/မဟာသိပ္ပံ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) နှင့် BTHM (ဘွဲ့) စာမေးပွဲများကို အောင်မြင်ခဲ့ကြသော ကျောင်းသား/ကျောင်းသူများသည် မန္တလာတက္ကသိုလ်၏ ဒုတိယအကြိမ်ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့(သို့)အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်သည်။

မန္တလာတက္ကသိုလ် အဝေးသင် သင်တန်းမှ ၂၀၂၃ ပညာသင်နှစ်၊ ၂၀၂၃ ခုနှစ် (အောက်တိုဘာနှင့် နိုဝင်ဘာ) လများတွင် ကျင်းပခဲ့သော ဝိဇ္ဇာ၊ သိပ္ပံ(ဘွဲ့) စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသော ကျောင်းသား/ကျောင်းသူများသည် မန္တလာတက္ကသိုလ်၏ ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့(သို့) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်သည်။

**ဘွဲ့နှင်းသဘင်ကြေး**

**တက်ရောက်ဘွဲ့ကြေး** - ကျပ် ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)
**အဝေးရောက်ဘွဲ့ကြေး** - ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)
**လျှောက်လွှာတင်သွင်းရမည့်ရက်** - ၃-၁-၂၀၂၄ ရက်မှ ၂၅-၁-၂၀၂၄ ရက်အထိ

**မှတ်ချက်**

(၁) နေ့သင်တန်း ကျောင်းသား/ကျောင်းသူများအတွက် ဘွဲ့နှင်းသဘင် လျှောက်လွှာများကို မန္တလာတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် လျှောက်ထားရမည်။
(၂) အဝေးသင် သင်တန်း ကျောင်းသား/ကျောင်းသူများအတွက် ဘွဲ့နှင်းသဘင် လျှောက်လွှာများကို မန္တလာတက္ကသိုလ် အဝေးသင် သင်တန်းဌာနတွင် လျှောက်ထားရမည်။
(၃) လွန်ခဲ့သော(၃)လအတွင်း သပ်ရပ်စွာ ရိုက်ကူးထားသော(၁.၅" x ၂")ဓာတ်ပုံ(၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ပူးတွဲ၍လျှောက်ထားရမည်ဖြစ်ပြီး မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံများကို အပြည့်အစုံ စနစ်တကျဝတ်ဆင်၍ လျှောက်ထားရမည်။
(၄) သတ်မှတ်ဘွဲ့ကြေးများကို မန္တလာတက္ကသိုလ် ငွေလက်ခံဌာနတွင် ပေးသွင်းရမည်။
(၅) ရပ်ဝေးမှ ပေးပို့သူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏ အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း" ဟုဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ်စသည်များကိုလည်း တိကျစွာ ဖော်ပြလျှောက်ထားရပါမည်။ ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။
(၆) အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ(သို့မဟုတ်) အနောက်တိုင်း ဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို ပြည့်စုံစွာဝတ်ဆင်၍ တက်ရောက်ရမည်။
(၇) တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့နှင်းသဘင်ကျင်းပပြီးနောက် (၆)လပြည့်သည့် အချိန်မှသာ ဘွဲ့လက်မှတ်များ ထုတ်ပေးမည်ဖြစ်ပါသည်။
(၈) ယခင်ပညာသင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားနိုင်သည်။
(၉) ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ် အစီအစဉ်များကို ထပ်မံကြေညာသွားမည်ဖြစ်ပြီး မန္တလာတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**မန္တလာတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ် (၂၂)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါက်တာသိန်းထွန်း (CJ- ၀၃၁၇၃၀) အမည်ပေါက်ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်အေး (၁၂/ကမတ (နိုင်) ၀၀၇၃၆၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9V/63501 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၁၁-၂၀၂၃ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၇) ကညန ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း) ယာဉ်အမှတ် 45W/56261 မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူ လျှောက်ထားခြင်း ကြော်ငြာတွင် မှတ်ပုံတင်အမှတ် ၉/မတန အစား ၄/မတန(နိုင်) ၀၄၈၆၉၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/85404 Kenbo-125, M/C ယာဉ်လက်ဝယ်ရှိသူ Aung Kanbo Trading Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/8777 Mitsubishi Fuso, Truck (8x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမိုးမိုးအောင် ၁၃/လရန (နိုင်)၂၃၄၀၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3N/2497 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် နေပြည်တော်ဧရိယာအတွင်း သာမိုပလပ်စတစ်ဖြင့် ယာဉ်အန္တရာယ်ကင်းမျဉ်းရေးဆွဲခြင်း လုပ်ငန်းအတွက် လိုအပ်သော သာမိုပလပ်စတစ်ဆေးဝယ်ယူခြင်း Lot(၁)ခုအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည် -

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၁-၂၀၂၄ ရက်
**တင်ဒါပုံစံပိတ်မည့်ရက်** - ၁၆-၁-၂၀၂၄ ရက်၊ ၁၆:၀၀ နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

အင်ဂျင်နီယာဌာန(လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း - ၀၆၇-၄၃၂၀၃၇၊ ၀၉-၇၇၇၇၇၇၄၈၅

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမြန်ဆက်သွယ်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်တွင် နေထိုင်သော မအေးသီတာထွန်း ၁၂/တမန(နိုင်)၁၀၃၂၂၃ သည် ညီအစ်မများနှင့် အဆက်အသွယ်ပြတ်နေသည်မှာ (၃)နှစ်ရှိနေပြီဖြစ်သဖြင့် ဤကြော်ငြာတွေ့ရှိပါက အမြန်ဆုံးဆက်သွယ်ပါရန်နှင့် အစ်မကြီးမှ စိတ်ပူနေပါသဖြင့် အမြန်ဆုံး လာရောက်ပါရန် ကြေညာအပ်ပါသည်။

**အစ်မကြီး - မမေနွယ်ထွန်း**
**၁၂/တမန(နိုင်)၀၃၄၄၂၆**
**ဖုန်း-၀၉-၄၂၅၃၀၅၀၁၂**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ်(၁၇/၁)၊ ဦးပိုင်အမှတ်(၁၁၁/၈+ ၁၁၁/၉)၊မြေဧရိယာ ၀ ဒသမ ၂၂၀ ဧကရှိ မြေကွက်သည် မူလက ဒေါ်ငွေးဦး အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၆၈၄ (၃)၂၀၀၄-၂၀၀၅ အရ (၃၀-၈-၂၀၁၉)ရက်ထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန် အမည်ပေါက်သူ ဒေါ်ငွေးဦးက(၂၄-၇-၂၀၂၃)ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်း မှတ်ပုံအမှတ် (၃၄၂/၂၀၂၃)အရ မူလခြံမြေဧရိယာ ၀ ဒသမ ၂၂၀ ဧကအနက်မှ အရှေ့ဘက်မြေဧရိယာ ၀ ဒသမ ၀၄၈ ဧကအား ဦးပိုင်ခွဲစိတ်၍ ဒေါ်မူမူခိုင် ၅/ကဘလ (နိုင်)၁၀၅၀၂၆ ထံသို့ အပြီးအပိုင် ရောင်းချခဲ့ဖြစ်ပါသဖြင့် ကျန်ရှိသည့် မြေဧရိယာ ၀ ဒသမ ၁၇၂ ဧကအား ဒေါ်ငွေးဦး ၁/မကန(နိုင်)၀၂၁၂၁၆ အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/ဧရိယာလျော့) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ် (၁၇/၁)၊ ဦးပိုင်အမှတ်(၁၁၁/၈+၁၁၁/၉)၊မြေဧရိယာ ၀ ဒသမ ၂၂၀ ဧကရှိ မြေကွက်သည် မူလက ဒေါ်ငွေးဦး အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၆၈၄ (၃)၂၀၀၄-၂၀၀၅ အရ ၃၀-၈-၂၀၁၉ ရက်ထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန် အမည်ပေါက်သူ ဒေါ်ငွေးဦးက ၂၄-၇-၂၀၂၃ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံအမှတ်(၃၄၂/၂၀၂၃)အရ မူလခြံမြေဧရိယာ ၀ ဒသမ ၂၂၀ ဧကအနက်မှ အရှေ့ဘက် မြေ ဧရိယာ ၀ ဒသမ ၀၄၈ ဧကအား ဦးပိုင်ခွဲစိတ်၍ ဒေါ်မူမူခိုင် ၅/ကဘလ(နိုင်)၁၀၅၀၂၆ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်မူမူခိုင် အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ကံဘဲ့၊ မြေကွက်အမှတ် ၆၈/ခ-၁၊ ဧရိယာ ၀ ဒသမ ၀၅၁ ဧက၊ မြေကွက်တည်နေရာအမှတ်(၄၅/ဘီ)၊ အောင်ဇေယျလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ် (ဦးခင်မောင်မြင့် ၉/ပမန (နိုင်)၀၄၀၈၆၂) အမည်ပေါက် B-လ/န၃ခမြေအား အမည်ပေါက် ဦးခင်မောင်မြင့် (ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်နီနီခိုင် ၉/ပမန(နိုင်)၀၂၅၆၈၀ မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်ဇနီးဖြစ်ပြီး အခြားသော ဇနီး/မိန်းမ တစ်ယောက်မျှမရှိကြောင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ၂၄-၁၀-၂၀၂၃ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အမည်ပေါက်စာချုပ်၊ အမွေးပြင်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ တိုင်းခွဲအတည်ပြုပုံစံ ဦးခင်မောင်မြင့်၏ သေဆုံးမှုလက်မှတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်တက္ကသိုလ်
## ဘွဲ့နှင်းသဘင် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးခွင့်
## တင်ဒါခေါ်ယူခြင်း

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပမည့် ပြည်တက္ကသိုလ် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်(အဝေးသင်သင်တန်း) အခမ်းအနားတွင် ဓာတ်ပုံနှင့်ဗီဒီယို ရိုက်ကူးခွင့် လုပ်ငန်းလျှောက်ထားလိုသူများသည် ဈေးပြိုင်စနစ်ဖြင့် အိတ်ဖွင့်တင်ဒါများ လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာများကို (၅-၁-၂၀၂၄)ရက်နေ့မှ (၁၂-၁-၂၀၂၄)ရက်နေ့အတွင်း စီမံ/ဘဏ္ဍာဌာနတွင် မွန်းတည့်(၁၂:၀၀)နာရီ နောက်ဆုံးထား၍ လျှောက်ထား တင်သွင်းနိုင်ပါသည်။ တင်ဒါစည်းကမ်းများကို ပြည်တက္ကသိုလ် ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုလေ့လာနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉ ၅၀၁၃၇၀၈၆၊ ၀၉ ၄၀၂၆၉ ၁၈၆၇ တို့ကို စုံစမ်းမေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ဓာတ်ပုံနှင့်ဗွီဒီယိုရိုက်ကူးခွင့် တင်ဒါရွေးချယ်ရေးကြီးကြပ်မှုဆပ်ကော်မတီ**
**ပြည်တက္ကသိုလ်**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## သာယာဝတီမြို့ နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၉

ကိုဝေမင်းဦး(ခ)မော်လဝီဇိုဗိုင်းရ် **နှင့်** မမီမီအေးနိုင်(ခ) မဇာနူး
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ အမှတ်(၉၉) တပင်ရွှေထီးလမ်းနေ မမီမီအေးနိုင်(ခ)မဇာနူး(ဘ)ဦးရန်နိုင်အေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ကိုဝေမင်းဦး(ခ)မော်လဝီဇိုဗိုင်းရ်က "ဇနီးဖြစ်သူအား ပြန်လည်၍ ပေါင်းသင်းစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့် အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်)နံနက် ၁၀ နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( မေသူသူဇော် )
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**သာယာဝတီမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ -၂၀)
## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၆

ဒေါ်ရီရီဝင်း **နှင့်** ဦးချစ်လှိုင်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၄၆၃)နေ ဦးချစ်လှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ရီရီဝင်းက " ပဋိညာဉ်ပါအတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီလ ၂၃ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူသည် တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထင်လင်း)
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၁-၂၀၂၄ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၂) ကညန (မုံရွာ)၏ ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် ၅၇ယ/ ၂၂၅၅၇ အစား ၇၅ယ/၂၂၅၅၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၁၂-၂၀၂၃ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၂) အထွေထွေ ကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း ကြော်ငြာတွင် ဒေါ်အေးလွင် အစား ဒေါ်အေးလွယ်ဟု ပြင်ဆင် ဖတ်ရှုပါရန်။

စာ အုပ် စာ ပေ လူ့ မိတ် ဆွေ

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ညောင်ရမ်း(ဈေး) ကျေးရွာအုပ်စု၊ မိုးညှင်းကျေးရွာနေ မခိုင်သဇင်ထက် ၏ဖခင် ဦးအောင်စိုးဦး၉/သစန(နိုင်)၁၀၇၁၆၉နှင့် သူမ၏ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်၌ ဖော်ပြပါရှိသည့် ဖခင်အမည် ဦးအောင်စိုး မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၁)၊ ဦးပိုင်အမှတ် (၁၆၂)၊ မြေဧရိယာ ၁ ဒသမ ၀၉၀ ဧကရှိ မြေကွက်သည် မူရင်း နှစ်ခြင်းအသင်းတော် အမည်ဖြင့် နှစ်စဉ် မြို့မြေခွန် စည်းကြပ်လျက်ရှိပါသည်။ ယခုအခါ ငွေပျော်ကောင်းမူရင်းနှစ်ခြင်းအသင်းတော် အမည်ဖြင့် အခွန်လွှတ် သာသနာဂရန် လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၁၀/၅၅)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၈ ပေ x ပေ ၆၀)ရှိ မြေကွက်နှင့် အိမ်ခြံမြေအ ကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရေးဆိုင်မှု အထောက်အထားမူရင်းများ၊ ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်သူ ဦးကျော်ဦး ၁၂/သကတ(နိုင်)၁၁၆၂၅၉ မှ ဥပဒေနှင့်အညီ နောက်ဆုံးလက်ဝယ်ပိုင်ဆိုင်သူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးရွှေမောင်သန်း (ခ) မာမတ်မူဘိန်း ၁၁/စတန(ပြု)၀၀၁၉၈၄ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးပြည့်ဖြိုးအောင်(ရွှေကြိုကြာ)(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၀၇၅၅)**
**အမှတ်(၂၈)၊ ပြည်တော်သာလမ်း၊ (င/ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။**
**ဖုန်း–၀၉–၇၉၆၉၇၉၇၁၂**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၃က)၊ ဦးပိုင်အမှတ် (၅၈–ထ)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်သည် မူလက ဦးမျိုးမျိုးအောင်၊ ဒေါ်နန်းအုံးခင် (လင်မယား) (၂)ဦး အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၁၄၂(၃) ၂၀၀၆–၂၀၀၇ အရ ၇–၅–၂၀၁၆ ရက်ထိ (၁၀)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးမျိုးမျိုးအောင်၊ ဒေါ်နန်းအုံးခင် (၂)ဦး (၎င်းတို့၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအောင်ပိုင်) က ၂၂–၉–၂၀၂၃ ရက်စွဲပါမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၄၄၂/၂၀၂၃) အရ ဒေါ်သီဂီညွှန့် ၁/မကန(နိုင်)၁၀၃၉၂၉ ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်သီဂီညွှန့်အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် –၅၊ နည်းဥပဒေ–၂၀)
## မြစ်သားမြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၄၈

| | | |
|---|---|---|
| ဦးစိုင်းရဲလင်းထွေး | နှင့် | ၁။ ဒေါ်အေးအေးမြတ် |
| | | ၂။ ဦးသန်းမြင့် |
| | | ၃။ ဒေါ်သက်မြတ်နိုးဦး |
| | | ၄။ ဒေါ်အေးအေးညွှန့် |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ မြစ်သားမြို့၊ ရှမ်းပွဲရပ်(၆)လမ်းနေ (၁)တရားပြိုင်ဒေါ်အေးအေးမြတ် (ဘ) ဦးသန်းမြင့် (ယခုနေရပ်လိပ်စာမသိ)နှင့် (၂)တရားပြိုင် ဦးသန်းမြင့်(ဘ) ဦးအောင်ရ (ယခုနေရပ်လိပ်စာ မသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးစိုင်းရဲလင်းထွေးက ချေးယူထားသော အတိုးအရင်းငွေစုစုပေါင်း(၂၅)သိန်းကျပ် ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်(၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန့်ထွဋ်ညွန့်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**မြစ်သားမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၆၄

| | | |
|---|---|---|
| ဒေါ်မြင့်မြင့်ဝင်း | နှင့် | ၁။ ဒေါ်စန္ဒာထွန်း |
| | | ၂။ ဦးကျော်မင်းဦး |
| | | ၃။ ဦးကျော်ထွန်း |
| **တရားလို** | | **တရားပြိုင်များ** |

၁။ ဒေါ်စန္ဒာထွန်း(ဘ) ဦးကျော်ထွန်း၊ ၂။ ဦးကျော်မင်းဦး(ဘ) ဦးအုန်းမောင်၊ ၃။ ဦးကျော်ထွန်း အနိုပ်တော်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြင့်မြင့်ဝင်းက“ငွေကျပ်သိန်း (၂၅,၀၀၀,၀၀၀) ကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိရလိုကြောင်း” လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်(၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းမင်းထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မဟာအောင်မြေခရိုင်တရားရုံး**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၁)၊ မြေကွက်အမှတ်(၁၇၆)၊ မြေအမျိုးအစား (ပါမစ်မြေ)၊ မြေအကျယ်အဝန်း (အလျား ပေ ၄၀ x အနံ ပေ ၆၀) (၂၄၀၀)စတုရန်းပေရှိသည့် ဒေါ်မြမြ (KYN–020913) (၁၂/ကတတ(နိုင်)၀၀၆၇၁၆) အမည်ဖြင့် ချထားပေးသော မြေချပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင် ဒေါ်မြမြထံမှ အရပ်ကတိစာချုပ် အစဉ်အဆက်များဖြင့် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူဟု အဆိုပြုသူ ဦးလှမျိုးနိုင် ၈/မကန(နိုင်) ၁၂၈၇၉၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ၂–၁–၂၀၂၄ ရက်စွဲပါ “မြေကွက်အပြီးအပိုင်အရောင်းအဝယ် ပြုလုပ်ခြင်းဆိုင်ရာ နှစ်ဦးသဘောတူစာချုပ်”ကို ချုပ်ဆို၍ ရောင်းဖိုးငွေများအား အပြေအကျေပေးချေကာ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ အရောင်းအဝယ် ပြုလုပ်သောမြေကွက်အား (နေသူမဲ့) လက်ရောက်ရရှိပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မေသဇင်ဖူး (LL.B, LL.M) (တရားလွှတ်တော်ရှေ့နေ)**
**(စဉ် – ၁၅၇၃၃/၂၀၁၉) အမှတ်(၁၀၈၅)၊ ထူပါရုံ(၃)လမ်း(အနောက်)၊**
**၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၉၃၅၃၇၀၇၈၊ ၀၉–၄၂၀၂၆၉၀၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၆၅)၊ ဦးပိုင်အမှတ်(၂၁.ခ)၊ ၄၀.အေလမ်း၊ ၇၉ x ၈၀ လမ်းကြားရှိ မောင်သာ၊ မပွေင့်အမည်ပေါက် ဘိုးဘမြေကွက်အား (အဘိုး) မောင်သာ၊ (အဘွား) မပွေင့်၊ (ဖခင်)ဦးပြွက်၊ (မိခင်) ဒေါ်အုန်းညွှန့်တို့ အသီးသီးကွယ်လွန်၍ ပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းစာချုပ်(၇၇၈/၁၉၈၉)ဖြင့် အမွေဆက်ခံခဲ့သည့် ဦးတိုးရ (ခ) ဦးစုရ၊ ဦးသုခ၊ ဒေါ်ပု၊ ဒေါ်တုတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၀၈၈/၁၉၉၁)ဖြင့် ဦးမောင်ကလေး၊ ဒေါ်ခင်သန်းတို့က ဝယ်ယူခဲ့ပြီး (ခင်ပွန်း) ဦးမောင်ကလေးကွယ်လွန်၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၄၇၀/၂၀၂၂)ဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်သန်းက အမွေဆက်ခံခဲ့ပါသည်။ ဒေါ်ခင်သန်း၏ (SP ရသူ ဦးတင်မောင်ခိုင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၅၀၁/ ၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူများဖြစ်သော ဒေါ်ခင်ဆွေဦး ၉/မရမ(နိုင်)၀၂၇၃၈၄၊ ဦးကျော်သီရိဆွေ ၉/အမဇ (နိုင်)၀၄၉၇၇၅၊ ဒေါ်ထွေးသီရိဆွေ ၉/အမဇ(နိုင်) ၀၆၀၃၅၈ တို့က အမှုတွဲအမှတ် ၀၆၉၆/ဘ (ပြောင်း)/၂၀၂၃–၂၀၂၄ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/26660 Yunde–110 ယာဉ်လက်ဝယ်ရှိသူ Dote Hta Waddy Princess Co.,Ltd က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/3562 Hyundai KmjHG, Mini Bus ယာဉ်လက်ဝယ်ရှိသူ ဦးညီထွဋ်အောင် ၇/သကန(နိုင်) ၁၃၃၇၈၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး)**
**ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ချုပ် ကက်စိန်(ငြိမ်း)
## ဝန်ကြီး(ငြိမ်း)
## ကျန်းမာရေးဝန်ကြီးဌာန
## အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ယဉ်ယဉ်မြင့် ၏ခင်ပွန်း ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)၊ ဝန်ကြီး(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာနသည် ၃–၁–၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးဝန်ကြီးဌာန**

## အမည်ပြောင်း

ခန္တီးမြို့နယ်၊ ရွှေပြည်သာကျေးရွာအုပ်စု၊ ချောင်းသာကျေးရွာနေ ဦးမောင်နိုင် ၅/ခတန(နိုင်)၀၂၅၆၆၈ ၏ သား မောင်နှင်းဝေလွင် (ကျောင်းဝင်အမှတ် –၁၁၄၃၆)အား မောင်နိုင်ဝင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်နိုင်ဝင်းထက်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/4902 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7A/9907 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ပြည်နယ်ရုံး(မြစ်ကြီးနား)**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/15562 Jiashan–110, M/C ယာဉ်လက်ဝယ်ရှိသူ Sabi Thinn Co.,Ltd က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/77301 Hensim–110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းစန္ဒာရင် ၉/မဟမ(နိုင်) ၀၆၆၂၂၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၄)လမ်း၊ အပိုင်း(၄)၊ အမှတ်(၅၉၈)၊ (မှန်ခန်း–ခြေရင်းခန်း)နှင့် အကျယ်အဝန်း (၁၂.၅ ပေ x ၅၀ ပေ)ရှိ ရေမီးအစုံ တိုက်ခန်းအား ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်သန်းအေး ၁၂/ပဇတ(နိုင်)၀၁၀၁၀၀ နှင့် ဦးကျော်ဇော ၁၂/မဂတ(နိုင်)၀၀၅၆၂၁ တို့ (၂)ဦးထံမှ ဒေါ်လှအေးခင် ၁၁/မဥန(နိုင်) ၀၀၀၈၇၃ က ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဖော်ပြပါတိုက်ခန်း ရောင်းချခြင်းအပေါ် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်တော်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်လှအေးခင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်သူ (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၉၈၆)(၃.၉.၂၀၁၉)**
**အမှတ် ၁၄၂(က)၊ ငမိုးရိပ်(၉)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၅၄၂၇၁၀၈၁**

## အသိပေးအကြောင်းပြန်ကြားချက်

လားရှိုးမြို့၊ နယ်မြေ(၄)၊ ရပ်ကွက် (၁၀)နေ ဦးမြင့်ငွေ(ဘ)ဦးမောင်နွဲ့ ၅/မရန(နိုင်) ၂၂၀၁၇၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းပြန်ကြားအပ်ပါသည်–

၂၃–၁၂–၂၀၂၃ ရက် မြန်မာ့အလင်းသတင်းစာတွင် ဦးသိန်းလွင် ၁၃/ ကတန(နိုင်)၀၁၁၄၆၆ ၏ အသိပေးအကြောင်းကြားခြင်းခေါင်းစဉ်ဖြင့် ကြေညာခဲ့သည့်အပေါ် အောက်ပါအတိုင်း ပြန်လည်အသိပေး ကြေညာအပ်ပါသည်–

ဦးသိန်းလွင်သည် ၂၃–၁၂–၂၀၂၃ ရက်ပါ ကြေညာချက်သည် မမှန်မကန်ကြေညာခဲ့ခြင်းသာဖြစ်ပြီး မူလ ရောင်းချစဉ်က ယခုသတင်းစာတွင်ကြေညာခဲ့သည့် လားရှိုးမြို့နယ်၊ နောင်ဖော့ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၀ လွယ်လမ့်ရွာမ)၊ ဦးပိုင်အမှတ်(၁၂) ယာမြေအမျိုးအစား မြေချိန်ဧရိယာ ၀ ဒသမ ၅၀ ဧကအတွင်းမှ အရှေ့အနောက်ပေ (၁၅၀)၊ တောင်မြောက် ပေ(၇၀)ကိုသာ ရောင်းချခဲ့ခြင်း ဖြစ်သည်ဟု ဖော်ပြခဲ့ခြင်းမှာလည်း မမှန်မကန်ဖော်ပြခဲ့ခြင်းသာဖြစ်ပြီး ဦးပိုင်(၁၂)ပါ ဧရိယာ ၀ ဒသမ ၅၀ အပြင် ၎င်းမြေနှင့် ဆက်စပ်လျက်ရှိသော လားရှိုးမြို့နယ်၊ နောင်ဖော့ကျေးရွာအုပ်စု၊ ကွင်း အမှတ် (၉၀ လွယ်လမ့်ရွာမ)၊ မြေကွက်အမှတ်(၃၃)၊ ဧရိယာ ၈ ဒသမ ၈၉ ဧက အကျယ်အဝန်းရှိ မြေကိုပါ ဦးသိန်းလွင် ပိုင်ဆိုင် ကြောင်း ပြောဆိုကမ်းလှမ်းခဲ့၍ နှစ်ဦးသဘောတူ မြေအရောင်းအဝယ် ပြုလုပ်ခဲ့ပြီးနောက်ပိုင်း ဦးသိန်းလွင်က ဦးပိုင်(၁၂)မြေ၏ ဧရိယာ ၀ ဒသမ ၅၀ ဧကအတွင်းမှ အရှေ့အနောက်ပေ(၁၅၀)၊ တောင်မြောက်ပေ (၇၀)သာ ပေးမည်ဖြစ်ကြောင်း နှစ်ဦးသဘောတူ ပြောဆိုစဉ်က ဦးပိုင်(၁၂)နှင့် ဆက်စပ်လျက်ရှိသော မြေကွက်အမှတ်(၃၃)အား မပါဝင်ကြောင်း နှစ်ဦးသဘောတူ ပြောဆို၍ အရောင်းအဝယ်ပြုလုပ်စဉ်က မြေကွက်အမှတ်(၃၃)မြေနှင့်ပတ်သက်၍ ကျေးရွာထောက်ခံချက် ပြုလုပ်ပေးမည်ဖြစ်ကြောင်း တရားဝင်စာချုပ်ချုပ်ခြင်းနှင့် အခွန်ဆောင်ခြင်းများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း ဦးသိန်းလွင်မှ သက်သေများရှေ့ ဝန်ခံကတိပြုခဲ့သော်လည်း ဦးသိန်းလွင် ဝန်ခံကတိပြုသည့်အတိုင်း ဆောင်ရွက်ခြင်းမရှိသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ငွေက ကျန်ငွေများကို ဆက်လက်ပေးချေရန် ဆိုင်းငံ့ထားခြင်း ဖြစ်ပါသည်။ ဦးသိန်းလွင်အနေဖြင့် ဝန်ခံကတိပြုသည့်အတိုင်း ဆောင်ရွက်ပေးပါက ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် ရောင်းကြေး ကျန်ငွေများအား ဆက်လက်ပေးချေရန် အဆင်သင့်ရှိပါသည်။ လူကြီးမင်း ပေးအပ်ထားသော စာရွက်စာတမ်းမူရင်းများလည်း ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ငွေလက်ဝယ်တွင်ရှိနေပြီး လူကြီးမင်းအနေဖြင့် လူကြီးမင်းဝန်ခံ ကတိပြုခဲ့သည်များကို ဆက်လက် ဆောင်ရွက်ပေးရန်နှင့် ကျွန်ုပ်၏မိတ်ဆွေအား ရောင်းချထားသည့် မြေများနှင့် ပတ်သက်၍ ထပ်မံရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ တစ်စုံတစ်ရာ မပြုလုပ်ရန် အသိပေး အကြောင်းပြန်ကြားအပ်ပါသည်။

အကယ်၍ လူကြီးမင်းဝန်ခံကတိပြုသည်ကို လိုက်နာရန် ပျက်ကွက်ပါက ရာဇဝတ်ကြောင်း၊ တရားမကြောင်းများဖြင့် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သတိပေးအကြောင်းကြားအပ်ပါသည်။

**ဦးမြင့်ငွေ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစိုးထွန်းထွန်းဇော် LL.B. (Q)**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၈၅၃၄ )**
**၆၃–(A)လမ်းx၃၃(A)ထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း–၀၉–၂၀၁၆၇၁၄၊ ၀၉–၈၈၄၂၀၁၇၁၇**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ပါမောက္ခဒေါက်တာမောင်မောင်ဝင့်**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆေးသိပ္ပံပညာဦးစီးဌာန**

**ကျန်းမာရေးဝန်ကြီးဌာန**

**အသက်(၈၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်လွဲ့လွဲ့ယု ၏ချစ်လှစွာသော ခင်ပွန်း ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်(ငြိမ်း) သည် ၂၈-၁၂-၂၀၂၃ ရက် (သောကြာနေ့) နံနက် ၀၆:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြင့်မြင့်အေး အသက် (၆၀)**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သုခတော်ဝင်အိမ်ရာ၊ တိုက် (A6)၊ အခန်း (၂၂) နေ (ဦးမောင်ကြိုင်)- ဒေါ်ဝင်းတင်တို့၏သမီး၊ (ဦးမောင်စိန်-ဒေါ်ငွေကျင်) တို့၏ သမီးချွေးမ၊ (ဦးငွေထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန)၏ ချစ်လှစွာသော ဇနီး၊ ဦးသူရဇော်-ဒေါ်နန္ဒာဝင်း၊ ဒေါ်ဝတ်မှုန်ထွန်း တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်ထက်လျှံလင်း၏ ချစ်လှစွာသော အဘွားသည် ၃-၁-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၂၄ရက်၊ (သောကြာနေ့)၊ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀) ဆေးရုံကြီးမှ ကျေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီးမှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၂၄ရက်၊ (အင်္ဂါနေ့)၊ နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သန်းသန်းငွေ (Hellen Sein) BA, B.ED (ကွမ်းခြံ)**

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) အထက (၄)အလုံ**

**အသက် (၈၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ကွမ်းခြံ မြောက်ပိုင်း၊ လှည်းတန်းလမ်းမကြီး၊ တိုက် ၂၀၈/၂၁၂၊ အခန်း ၁၀၁၊ (ဟံသာရိပ်မွန်)နေ (ဦးစိန်-ဒေါ်ရင်)တို့၏သမီးထွေး၊ (ဦးကံထွန်း-ဒေါ်စိန်စိန်)၊ (ဒေါ်သန်းရီ)၊ (ဦးလှအောင်-ဒေါ်လှတင်)၊ (ဒေါ်သန်းကြည် ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)၊ (ဒေါ်တင်ရွှေ)၊ (ဒေါ်မြရွှေ)၊ (ဦးကျော်ညွန့်-ဒေါ်မြကြီး)၊ (ဒုတိယဗိုလ်မှူးကြီး လှိုင်အောင်-ဒေါ်သန်းတင်)တို့၏ညီမ၊ ဦးအုန်းလွင်(မြဝတီပုံနှိပ်တိုက်-ငြိမ်း)-(ဒေါ်အေးခိုင်)တို့၏ အဒေါ်သည် ၃-၁-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့)၊ မွန်းလွဲ ၁:၂၀ နာရီတွင် နေအိမ်၌ (၉၆)ပါး သောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၅-၁-၂၀၂၄ရက်၊ (သောကြာနေ့)၊ နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါက်တာ ကြည်လှိုင်**

**ပါမောက္ခ/ဌာနမှူး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာန**

**ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**

**အသက် (၅၆)နှစ်**

ဦးနှောက်နှင့် အာရုံကြောခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဦးကြည်လှိုင်သည် ၃၁-၁၂-၂၀၂၃ ရက်၊ (တနင်္ဂနွေနေ့)၊ နံနက် ၈:၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ် (၂)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၈၀၄၅၁, Honda Click 125, M/C ယာဉ် လက်ဝယ်ရှိသူ ဦးစိုးလွင် ၆/မမန(နိုင်)၁၂၁၆၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၃၀၁၃၈, Honda Click 125, M/C ယာဉ် လက်ဝယ်ရှိသူ ဦးငွေသန်း ၆/မအရ(နိုင်)၀၁၇၂၅၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သန်းမြင့်**

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**

**အမက (၆)၊ သဃ်န်းကျွန်း၊ အမက (၁၁) တာမွေ**

**အသက် (၉၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ် (၅)၊ ပထမထပ်နေ (ဦးဌေးအောင်) အထက (၂)တာမွေ (ငြိမ်း)၏ဇနီး၊ (ဦးနေဝင်း)-ဒေါ်ခင်အေးသိန်း၊ (ဒေါ်ဝင်းမူ) အထက (၂) ဗိုလ်တထောင် (ငြိမ်း)တို့၏ မိခင်၊ မောင်ဇာဏီထက်အောင်၏အဘွားသည် ၃-၁-၂၀၂၄ရက်၊ (ဗုဒ္ဓဟူးနေ့)၊ ညနေ ၃:၅၀နာရီတွင် ကွယ် လွန်သွားပါသဖြင့် ၄-၁-၂၀၂၄ရက်၊ (ကြာသပတေးနေ့)၊ နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

အထက်ပါနေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)**

**ကြည်း-၉၆၉၈ (OTS-29)**

**ကျန်းမာရေးဝန်ကြီး(ငြိမ်း)**

**အသက် (၈၃)နှစ်**

ပခုက္ကူမြို့နေ (ဦးသောကြာ-ဒေါ်အေးယူ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ယဉ်ယဉ်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ကျန်းမာရေးဝန်ကြီး(ငြိမ်း) ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)သည် ၃-၁-၂၀၂၄ရက် နံနက် ၉:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**

**ကုသရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)**

**ဝန်ကြီး(ငြိမ်း)**

**ကျန်းမာရေးဝန်ကြီးဌာန**

**အသက် (၈၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ယဉ်ယဉ်မြင့်၏ ခင်ပွန်း ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)သည် ၃-၁-၂၀၂၄ ရက် နံနက် ၉:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ကံဘဲ့ဘူတာရုံလမ်း၊ ကံဘဲ့တာဝါ၊ အဆောက်အအုံ (E)၊ (၈-လွှာ)၊ အခန်းအမှတ် (E 0804)၊ အကျယ်အဝန်း (၁၀၃၅.၈၁)စတုရန်းပေရှိ ကွန်ဒိုမီနီယံတိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ စွဲကပ်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးလီလောင်ဝေ (၁၃/လကန(နိုင်)၀၃၂၀၃၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းအေးထွေး (၉/ပဥလ(နိုင်)၀၄၆၁၂၈)က (၂၁-၁၂-၂၀၂၃)ရက်စွဲပါ ကွန်ဒိုမီနီယံတိုက်ခန်းအား အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ တရားဝင်အပြီးအပိုင် လက်ရောက်ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန်းယုယုအောင် (LL.B, D.B.L, D.I.L)**

**အထက်တန်းရှေ့နေ (စဉ်-၄၈၉၆၅)**

**တိုက်အမှတ် (N-1)၊ အခန်းအမှတ် (၃၀၃)၊ လေးထောင့်ကန်လမ်းမကြီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၇၇၇၂၂၀၀၄၀၊ ၀၉-၂၆၁၄၈၀၀၅၉**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ ရွှေပြည်သာလမ်း၊ အမှတ်(၉၃၁)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မွေဒနီ ၁၂/သကတ(နိုင်)၀၁၉၁၆၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ အောင်သုခ(၂၁) လမ်း၊ မြေကွက်အမှတ်(၁၁၆၄)ဟုခေါ်တွင်သော (အလျား ၄၀ပေ X အနံ ၆၀ပေ) မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော RC(၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံမှ စတုတ္ထထပ်(၅လွှာ)ခေါင်းရင်းခြမ်း၊ ရေမီးအပြည့်အစုံ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်သူဟုအဆိုရှိသူ ဦးမင်းကိုကို ၁၂/သကတ(နိုင်)၁၇၆၇၃၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ယင်းတိုက်ခန်းနှင့် ပတ်သက်ပြီး၊ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့် ကျွန်ုပ်ထံသို့ ယနေ့မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်စန်းမူ(B.A(Law) LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၅၇)(၁၀-၅-၂၀၁၂)**

**အမှတ်(၇၄၂)၊ ပထမထပ်၊ ဝေဇယန္တာ(၁၈)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၅၀၃၈၂**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံကဲ ဒါယကာကြီး**

**ကြည်း ၉၆၉၈၊ ဗိုလ်ချုပ်ကက်စိန်(ငြိမ်း) (OTS-29)**

**တိုင်းမှူး(ငြိမ်း) (အရှေ့တောင်တိုင်းစစ်ဌာနချုပ်)**

**ကျန်းမာရေးဝန်ကြီး(ငြိမ်း)**

**အသက် (၈၃)နှစ်**

ပခုက္ကူမြို့နေ (ဦးသောကြာ-ဒေါ်အေးယူ)တို့၏သားကြီး၊ (ဦးမြမောင်-ဒေါ်အေးတင့်)တို့၏သားသမက်၊ ဦးသိန်းဟန်-ဒေါ်ချိုချိုလင်းတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ယဉ်ယဉ်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထင်အောင်ခိုင်-ဒေါ်မေဖြူသွယ်၊ ဒေါက်တာ ရဲလင်းကို-ဒေါက်တာ မြသက်နွယ်၊ ဦးဖုန်းဇော်အောင်-ဒေါက်တာခိုင်မြနွယ်၊ ဒေါက်တာ ဖြိုးမောင်သော်-ဒေါက်တာ သက်ခိုင်စံတို့၏ ကျေးဇူးရှင်မွေးဖခင်ကြီး၊ မြေး (၈) ယောက်တို့၏ဘိုးဘိုးကြီးသည် ၃-၁-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၉:၄၀)နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၂၄ ရက် (သောကြာနေ့) မွန်းလွဲ (၂)နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၁၀/မြို့မမြောက်ရပ်၊ မြေဧရိယာ (၀ဒသမ ၀၅၅)ရှိ မြေကွက်အမှတ် (ပ-၃၃၄၄၈)ကိုအမည်ပေါက် ဦးစံသိန်း (ဘ) ဦးအေးမောင် ၁၂/အလန(နိုင်) ၀၁၉၆၅၃ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်ခင်အုန်းမြင့် (ဘ)ဦးသန်းမောင် ၉/လဝန(နိုင်) ၀၈၈၄၆၄မှ ဒေါ်ခင်ဆွေလှိုင်(ဘ)ဦးထွန်းရွှေ ၅/မရန(နိုင်) ၁၅၃၆၄၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၁၁၁၇/၂၀၂၃ (၂၇-၄-၂၀၂၃)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ် နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ဦးညဏ်ဟိန်းစိုး ၇/တငန(နိုင်) ၁၄၅၁၃၆(ဘ)ဦးတင်ဦးသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)ရှိ HILLMAN LAND Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

လူကြီးမင်းသည် HILLMAN LAND Co.,Ltdတွင် Project Coordinator ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသူ တစ်ဦးဖြစ်ပြီး (၃၁-၁၂-၂၀၂၃)ရက်တွင် ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းများအား လိုက်နာခြင်းမရှိသလို တစ်စုံတစ်ရာအကြောင်းကြားခြင်းမရှိဘဲ ကုမ္ပဏီမှ ထွက်သွားပါသောကြောင့် ဤကြေညာပါသည့်ရက် မှစ၍ (၁၀)ရက်အတွင်းကုမ္ပဏီသို့ ဆက်သွယ်၍ လူကြီးမင်းဆောင်ရွက်ရမည့် ကုမ္ပဏီနှင့်ပတ်သက်သည့် လွှဲပြောင်းခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ကြွေးမြီကင်းရှင်းကြောင်း ကိစ္စရပ်များအား ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ လူကြီးမင်း ကိုယ်တိုင်လာရောက်ရှင်းလင်းဆောင်ရွက်ပေးရန် အသိပေးကြေညာအပ်ပါသည်။

**HILLMAN LAND Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ကုဋေထွန်း(LL.B)** | **ဦးချန်းချန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၁၇၁၂)** | **(စဉ်-၄၈၅၉၆)** |

**အမှတ်(၂၅၀)၊ ပြည်တော်သာ(၅)လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊**

**ဖုန်း-၀၉-၄၀၂၆၁၇၂၂၁၊ ၀၉-၄၃၁၇၂၀၄၅**

---

## ပတ်စ်ပို့ပျောက်

ဦးဝင်းရှိန်၏ သမီး မအေးအေးမွန် ၁၄/မမန(နိုင်) ၃၀၃၅၇၀ ၏ နိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၂၀၉၃၄၆၈၊ ၀၉-၇၈၁၂၂၉၉၉၄**

---

## အမည်ပြောင်း

ဦးဇော်လတ် ၉/ရမသ(နိုင်) ၁၅၄၆၆၆၏သမီး ရမည်းသင်းမြို့နယ်၊ အင်တောကြီးအုပ်စု၊ အင်တောလေးကျေး ရွာ၊ အမက (၃၈) ကျောင်း (KG) တန်းမှ မသံစဉ်ချမ်းမြေ့အောင်အား မယွန်းနဒီအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မယွန်းနဒီအောင်**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/2707 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ကံဘဲ့ဘူတာရုံလမ်း၊ ကံဘဲ့တာဝါ၊ အဆောက်အအုံ (E)၊ (၂၄-လွှာ)၊ အခန်းအမှတ် (E 2404)၊ အကျယ်အဝန်း (၁၀၃၅.၈၁)စတုရန်းပေရှိ ကွန်ဒိုမီနီယံတိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ စွဲကပ်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးလီလောင်ဝေ (၁၃/လကန(နိုင်)၀၃၂၀၃၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းအေးထွေး (၉/ပဥလ(နိုင်)၀၄၆၁၂၈)က (၂၁-၁၂-၂၀၂၃)ရက်စွဲပါ ကွန်ဒိုမီနီယံတိုက်ခန်းအား အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ တရားဝင်အပြီးအပိုင် လက်ရောက်ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန်းယုယုအောင် (LL.B, D.B.L, D.I.L)**

**အထက်တန်းရှေ့နေ (စဉ်-၄၈၉၆၅)**

**တိုက်အမှတ် (N-1)၊ အခန်းအမှတ် (၃၀၃)၊ လေးထောင့်ကန်လမ်းမကြီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၇၇၇၂၂၀၀၄၀၊ ၀၉-၂၆၁၄၈၀၀၅၉**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၉၁၃၂, Honda Click 150, M/C ယာဉ် လက်ဝယ်ရှိသူ ဦးစိုးပြည့်အောင် ၆/မမန(နိုင်) ၂၀၀၈၆၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

❖ **အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ဆောင်သူများက ကုန်ကြမ်းများထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များ ဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်းဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် မှီခိုနေရခြင်းကြောင့် အပြန်အလှန် အကျိုးရှိစေရေး ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းပြောကြားလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။




## အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ ယခုနှစ်တွင် ပြန်လည်ကျင်းပရန် စီစဉ်ထားပြီး လိဂ်ချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ခွင့်ရမည်

ရန်ကုန် ဇန်နဝါရီ ၃

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကာလအတန်ကြာ ကျင်းပနိုင်ခြင်းမရှိသည့် အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲကို ယခုနှစ်တွင် ပြန်လည်ကျင်းပရန် စီစဉ်နေပြီး လိဂ်ချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၄-၂၀၂၅ ရာသီ အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲကို ၂၀၂၄ ခုနှစ် ဇူလိုင်လ နောက်ဆုံးအဆင့် ပွဲစဉ်များကို ၂၀၂၄ ခုနှစ် ဩဂုတ်မှ ၂၀၂၅ ခုနှစ် မေလအထိ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှဒေသတွင်းမှ ကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အဆင့်သတ်မှတ်ချက်မြင့်မားသည့် နိုင်ငံများအနေဖြင့် တစ်နိုင်ငံလျှင် နှစ်သင်းယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တစ်သင်းသာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပဖြစ်ပါက လိဂ်ချန်ပီယံ ရှမ်းယူနိုက်တက်

*စာမျက်နှာ ၂၃ ကော်လံ ၁* ▼

## ဝက်စ်ဟမ်းကို ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ဘရိုက်တန်အသင်း ဂိုးမရှိသရေကျခဲ့

ဒီဇင်ဘာ ၃ ရက် နံနက် ၂ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် (၂၀) မှ ဝက်စ်ဟမ်းနှင့် ဘရိုက်တန်အသင်းပွဲစဉ်တွင် ဘရိုက်တန်အသင်းက ပွဲချိန်အများစု တစ်ဖက်သတ် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ဂိုးမရှိ သရေဖြင့် အဆုံးသတ်ခဲ့သည်။

အဆိုပါ ပွဲစဉ်မှာ ဘရိုက်တန်အသင်းအနေဖြင့် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ပထမဆုံးအကြိမ် ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့သည့် ပွဲစဉ်လည်းဖြစ်သည်။ အိမ်ရှင်ဝက်စ်ဟမ်းအသင်းသည် ဘရိုက်တန်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှု ကစားမှုများကိုသာ ပွဲချိန်တစ်လျှောက် ခုခံကာကွယ်ခဲ့ရသည်။

*စာမျက်နှာ ၂၃ ကော်လံ ၅* ✳




## ထူးခြားသည့် ညအပူချိန်များ (၃-၁-၂၀၂၄)

| | | |
|---|---|---|
| ဟားခါးမြို့ | -၅ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲမြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| တီးတိန်မြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင်မြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့ | ၅ | ဒီဂရီစင်တီဂရိတ် |

## ယနေ့ သတင်းအညွှန်း

**တပ်မတော်မှ လက်နက်ကြီးပစ်ခတ်မှုများကြောင့် မင်းပြားနှင့် ရမ်းဗြဲမြို့တို့တွင် နေအိမ်များနှင့် ဈေးဆိုင်ခန်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ**

ပြည်တွင်းသတင်း စာ ၂၂

**စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ထန်းပင်လှရွာနှင့် ကလေးမြို့နယ် ဒိုးဝိုင်းချောင်းရွာကို လုံခြုံရေးတပ်ဖွဲ့များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ**

ပြည်တွင်းသတင်း စာ ၂၂

# မြန်မာ့အလင်း

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ ကြာသပတေးနေ့



*အချပ်ပို (ဃ) မှ*

ပြင်သစ်ကိုလိုနီအဖြစ် သိမ်းပိုက်ခြင်း မခံရမီအချိန်အထိဖြစ်သည်။ ထို့နောက် ဂျပန်တို့ကျူးကျော်ခြင်း၊ ပြင်သစ်တို့ ပြန်လည်ကျူးကျော်ခြင်း၊ အမေရိကန်တို့ ကျူးကျော်ခြင်း၊ နိုင်ငံနှစ်ခြမ်းကွဲခြင်း စသည်တို့ဖြင့် ၁၉၇၅ ခုနှစ်မှာမှ ဗီယက်နမ် စစ်မီးငြိမ်းခဲ့ရသည်။ ၁၉၈၆ ခုနှစ်တွင် စီးပွားရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ စတင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း အမြင့်ဆုံးနိုင်ငံစာရင်းတွင် ပါဝင်ကာ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်း အဖော်ဆောင်နိုင်ဆုံး နိုင်ငံအဖြစ် ထိပ်ဆုံးမှရပ်တည်လာနိုင်ခဲ့သည်။

စစ်ရှုံးနိုင်ငံဖြစ်ခဲ့ဖူးသည့် ဂျပန်တို့သည် နှစ်အနည်းငယ်အတွင်း အာရှ၌ အဖွံ့ဖြိုးဆုံးနိုင်ငံတစ်ခု ဖြစ်လာခဲ့သည်။ ဂျပန်တို့အဖို့ ၁၉၆၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်ကာလများသည် စစ်ပြီးခေတ် စီးပွားရေးအမြင့်ဆုံးအချိန်ဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်ကာလ ဆယ်စုနှစ်မှာ စီးပွားရေးတိုးတက်မှု အားနည်းခဲ့သော်လည်း ၂၀၀၅ ခုနှစ်တွင် တစ်ကျော့ပြန် စီးပွားရေးပြန်လည် ဦးမော့ခဲ့သည်။ အမေရိကန်နှင့် တရုတ်နိုင်ငံတို့ပြီးလျှင် တတိယစီးပွားရေး အတောင့်တင်းဆုံးနိုင်ငံဖြစ်သည်။ ရာသီဥတုဘေး၊ သဘာဝဘေးတို့ကြောင့် မကြာခဏ ပြိုလဲသော်လည်း အရှုံးမပေးကြ။ ဂျပန်တို့သည် အတိတ်ကို အတိတ်မှာသာထားရစ်ကာ ပြန်ပြောင်းအောက်မေ့မနေကြဘဲ ဇာမဏီငှက်အလား ပြာပုံတွင်းမှ ရုန်းထကာ နိုင်ငံသားတို့၏ စည်းလုံးညီညွတ်မှုအင်အားကို ပြသနိုင်ခဲ့သည်။

ဂျိုဆွန်း(ကိုရီးယားနိုင်ငံ)၏ ပထမနှစ် ၂၀၀ ကို ငြိမ်းချမ်းသည်ဟုဆိုရလျှင် ၁၉ ရာစုနှောင်းပိုင်း ဂျပန်လက်အောက်သို့ ကျရောက်ခဲ့ချိန်တွင် ငြိမ်းချမ်းရေးပန်းတို့ ညှိုးနွမ်းခဲ့ရသည်ဟု ဆိုရမည်ပင်။ တိုင်းတစ်ပါးလက်အောက်ခံနိုင်ငံမှသည် ကိုရီးယား နှစ်ပိုင်းကွဲကာ ပြည်တွင်းစစ်ဖြစ်ခဲ့ရပြီး ၁၉၅၃ ခုနှစ်တွင် ငြိမ်းချမ်းရေးစာချုပ်မချုပ်ဆိုဘဲ ပြည်တွင်းစစ် ပြီးဆုံးခဲ့သည်။ စစ်ပြီးကာလနောက်ပိုင်း ရုန်းထလာသည့် တောင်ကိုရီးယားနိုင်ငံကို လေ့လာကြည့်မည်ဆိုလျှင် အာရှဒေသ လူသားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းတွင် ပဉ္စမနေရာတွင်ရှိကာ ကမ္ဘာ့မြန်နှုန်းမြင့် အင်တာနက်ချိတ်ဆက်မှု၊ မြန်နှုန်းမြင့်ရထားလမ်းကွန်ရက်၊ ကမ္ဘာ့ဆဋ္ဌမအကြီးဆုံး စစ်တပ်တို့ကို ပိုင်ဆိုင်ထားသည်။ တစ်ကမ္ဘာလုံးက ကေပေါ့ပ်ဂီတနှင့် ကိုရီးယားဒရာမာများတွင် စီးမျောလိုက်ပါရင်း ကိုရီးယားဝေဗ့်ဟုပင် ရည်ညွှန်းတင်စားကြရသည်အထိ လက်ရှိုးရည်၊ နှလုံးရည်နှင့် ပြည့်လာခဲ့သည်။

## အတိတ်သမိုင်းမှ ရုန်းထွက်သင့်ပြီ

**အထက်ပါနိုင်ငံများအဖို့ ကိုလိုနီ အတိတ်သမိုင်းများနှင့် စစ်ဘေးစစ်ဒဏ်များကို အသက်ပေါင်းများစွာ၊ ဘဝပေါင်းများစွာနှင့် ရင်းနှီးပေးဆပ် တွေ့ကြုံရသူများပင်။ ကိုလိုနီစနစ်ဆိုးဟု ခေါင်းစဉ်တပ်၊ ခံစားကြေကွဲ ရပ်တန့်မနေကြ။ အချင်းချင်း အပြစ်ပုံချ၍ ကိုလိုနီအတိတ်ကို လက်ညှိုးထိုး တင်းခံနေသူမပါ၊ ဦးဆောင်ဦးရွက်ပြုသူမှသည် နိုင်ငံသားတိုင်းက အတိတ်တို့၏ အမှားအယွင်းများကို သင်ခန်းစာအဖြစ်ရယူ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်ကိုသာ ရှေးရှုကာ ရဲရဲဝံ့ဝံ့လျှောက်လှမ်းခြင်းမှသည် အောင်မြင်မှုအသီးအပွင့်များ ရရှိခံစားနေကြခြင်းပင် ဖြစ်ပါသည်။ အထူးသဖြင့် ထိုတိုင်းပြည်အသီးသီး အောင်မြင်မှု၏ အဓိကသော့ချက်မှာ အချင်းချင်း မကွဲမပြား ညီညွတ်စွာ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးကို ဦးတည်ကြိုးပမ်းကြခြင်းကြောင့်ပင် ဖြစ်သည်။**

မိမိတို့နိုင်ငံတွင်တော့ ယခုထက်တိုင် ဝါဒစွဲ၊ လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲစိတ်ဓာတ်များဖြင့် မယုံကြည်မှုသံသယများအကြား တဝဲလည်နေဆဲ။ လက်နက်ကိုင်ပဋိပက္ခများ မပြီးသေးခင် နိုင်ငံရေးအယူအဆများ၊

*အချပ်ပို (ဂ) သို့*



၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပမှုကို တွေ့ရစဉ်။

**မိမိတို့နိုင်ငံမှာတော့ ဘိုးဘွားတို့ ကျေးဇူးကြောင့် သင့်တင့်သည့် နိုင်ငံအကျယ်အဝန်း နယ်နိမိတ်ကို ပိုင်ဆိုင်ခဲ့ကြရပြီး လွတ်လပ်ရေးရရှိသည်မှာလည်း (၇၆)နှစ်သို့ တိုင်ခဲ့ပါပြီ။ သို့သော် လွတ်လပ်ခြင်း၏ အနှစ်သာရကိုမူ တင်းပြည့်ကျပ်ပြည့် မခံစားနိုင်သေး။ လွတ်လပ်ခြင်းမှသည် သာလွန်သော အေးချမ်းသာယာဝပြောခြင်းကို မဆိုထားဘိ မူလအေးချမ်းခဲ့သည့် ဒေသအချို့ပင် မီးဟုန်းဟုန်းတောက်လောင်လျက်ရှိကာ ဒေသခံတို့မှာ ယာယီနေရပ်စွန့်ခွာစခန်းများတွင် တည်ရှိနေကြရဆဲ။ အပြစ်မဲ့ပြည်သူအချို့ကို ဒလန်၊ နိုင်ငံ့ဝန်ထမ်းများက Non CDM ဟုဆိုကာ ဖမ်းဆီးသတ်ဖြတ်မှုရှိနေဆဲ၊ အကြမ်းဖက်သမား တိုင်းပြည်သစ္စာဖောက်များနှင့် လက်နက်ကိုင်အချို့၏ ကိုယ်ကျိုးရှာ ဖန်တီးမှုစစ်ပွဲများမှ သွေးစက်တို့ မခန်းခြောက်သေး။**





NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ၁-၁-၂၀၂၃ ရက်တွင် ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း ကျောက်တံခါးမြို့အနီးရှိ ၂၃၀ ကေဗွီ တောင်ငူ - သာယာကုန်း ဓာတ်အားလိုင်းမှ တာဝါတိုင်ကို ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် တာဝါတိုင်ပြိုလဲမှုမဖြစ်စေရန် သက်ဆိုင်ရာက အရေးပေါ်ပြုပြင်ဆောင်ရွက်နေမှု။

*အချပ်ပို (ခ) မှ*

သွေးထိုးလှုံ့ဆော်မှုများနှင့် အကြမ်းဖက်သမားတို့ကြောင့် ဒေသအချို့ ယမ်းငွေ့တို့ မငြိမ်းနိုင်။ ခေတ်အဆက်ဆက် အစိုးရတို့ အင်တိုက်အားတိုက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ချက်တို့သည် အဖျက်သမား၊ သောင်းကျန်းသူတို့၏ ဖျက်ဆီးမှုအောက်ဝယ် တည်ဆောက်ရင်း၊ ပျက်စီးရင်း ဝဲသြဃထဲ ချာချာလည်လျက်ရှိနေသည်ဟု ခံစားမိသည်။



၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ငြိမ်းချမ်းရေးချိုးဖြူငှက် ၇၅၀ ကို လွှတ်တင်စဉ်။

သာဓကယူစရာ နိုင်ငံတစ်ခုလည်း ကျန်ရှိပါသေးသည်။ အပြိုပြိုအလဲလဲဆိုဗီယက်မှသည် ယနေ့မြင်တွေ့ရသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအဖြစ် မြင်တွေ့ရသည်မှာ လွယ်လွယ်နှင့် ပေါ်ပေါက်လာရခြင်းမျိုးမဟုတ်ခဲ့ပါ။ အာရှနှင့် ဥရောပတိုက်တို့၏ မြေနေရာအကျယ်ဆုံးတည်ရှိနေပြီး တိုင်းရင်းသားလူမျိုးပေါင်း ၂၀၀၊ ဘာသာစကား ၂၇ မျိုးနှင့် စံတော်ချိန် ၁၁ ခုတို့ ပေါင်းစပ်ထားသည့် ရုရှားသည် နိုင်ငံ့စီးပွားရေး၊ လူမှုရေး၊ စစ်ရေး၊ ယဉ်ကျေးမှု အစရှိသဖြင့် အဘက်ဘက်မှ အင်အားတောင့်တင်းအောင် ကြိုးပမ်းနိုင်ခဲ့ခြင်းမှာ မတူကွဲပြားမှု သီးခြားဝိသေသနများစွာတို့ရှိနေသည့်တိုင် တိုင်းပြည်အပေါ် အလေးထားမြတ်နိုး သစ္စာစောင့်သိသူပြည်သူများ၏ ညီညွတ်မှုကြောင့် ဆိုသည်မှာ မလွဲကေန်ပင် ဖြစ်ပါသည်။

မိမိတို့နိုင်ငံမှာတော့ ဘိုးဘွားတို့ ကျေးဇူးကြောင့် သင့်တင့်သည့် နိုင်ငံအကျယ်အဝန်း နယ်နိမိတ်ကို ပိုင်ဆိုင်ခဲ့ကြရပြီး လွတ်လပ်ရေးရရှိသည်မှာလည်း (၇၆)နှစ်သို့ တိုင်ခဲ့ပါပြီ။ သို့သော် လွတ်လပ်ခြင်း၏ အနှစ်သာရကိုမူ တင်းပြည့်ကျပ်ပြည့် မခံစားနိုင်သေး။ လွတ်လပ်ခြင်းမှသည် သာလွန်သော အေးချမ်းသာယာဝပြောခြင်းကို မဆိုထားဘိ မူလအေးချမ်းခဲ့သည့် ဒေသအချို့ပင် မီးဟုန်းဟုန်းတောက်လောင်လျက်ရှိကာ ဒေသခံတို့မှာ ယာယီနေရပ်စွန့်ခွာ စခန်းများတွင် တည်ရှိနေကြရဆဲ။ အပြစ်မဲ့ပြည်သူအချို့ကို ဒလန်၊ နိုင်ငံ့ဝန်ထမ်းများက Non CDM ဟုဆိုကာ ဖမ်းဆီးသတ်ဖြတ်မှုရှိနေဆဲ၊ အကြမ်းဖက်သမား တိုင်းပြည်သစ္စာဖောက်များနှင့် လက်နက်ကိုင်အချို့၏ ကိုယ်ကျိုးရှာ ဖန်တီးမှုစစ်ပွဲများမှ သွေးစက်တို့ မခန်းခြောက်သေး။

## သမင်မွေးရင်း ကျားစားရင်း

အကျပ်ကိုင်ခြိမ်းခြောက်မှုများကြောင့် ခေါင်းလောင်းသံ ကြားခွင့်မရသည့် စာသင်ကျောင်းများ၊ ဗုံးဆန်ကြောင့် ပြိုလဲကျခဲ့ရသည့် နိုင်ငံပိုင်အဆောက်အအုံများ၊ တံတားများ၊ လမ်းများ၊ တာဝါတိုင်များ၊ စစ်တလင်းအဖြစ် အသွင်ပြောင်းခဲ့ရသည့် အတွက် ပပ်ကြားအက်နေသည့် လယ်ယာစိုက်ခင်းများ.....။ ယင်းတို့မှာ အနှစ်နှစ်အလလ တည်ဆောက်ခဲ့ကြရသည့်အရာများဖြစ်ပြီး ဖျက်ဆီးသူများကြောင့် ပြန်လည်တည်ဆောက်ရေးကာလက အတောမသတ်နိုင်ဘဲ သမင်မွေးရင်း ကျားစားရင်း ... ဝမ်းနည်းဖွယ်ကောင်းလေစွ။

**မိမိတို့နိုင်ငံ လွတ်လပ်ရေးရပြီးချိန်မှ ဆယ်စုနှစ် ခုနစ်ခုကို ကျော်လွန်ဖြတ်သန်းလာခဲ့ပြီးချိန် ပြည်တွင်းစစ်ပွဲများကို အကြောင်းရင်းမျိုးစုံ၊ ခေါင်းစဉ်မျိုးစုံပြောင်း၍ ကောက်ချက်ချခြင်းများထက် မြေစာပင် ပြည်သူများအဖို့မှာမူ စစ်မီးငြိမ်းစေရေးသည်သာ သူတို့မျှော်လင့်ချက်၊ သူတို့အနာဂတ် ဖြစ်သည်။ လွတ်လပ်ရေးကို ဘိုးဘေးတို့ဖြစ်သည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့က အသက်သွေးချွေးတို့ဖြင့် အရယူပေးခဲ့သည်။ ရရှိပြီးသား လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ခြင်းဟုဆိုလိုက်လျှင် လွတ်လပ်ရေးအသီးအပွင့်များဖြစ်သည့် အေးချမ်းခြင်း၊ သာယာဝပြောခြင်းနှင့် တိုးတက်မြင့်မားခြင်းတို့ အရယူနိုင်ရေး အဓိကအကြောင်းတရားဖြစ်သည့် ညီညွတ်ခြင်းကိုသာ အမြန်ဆုံးစတင်တည်ဆောက်ကြရမည်**

ဒုတိယကမ္ဘာစစ်ကာလ စစ်မက်တို့ အရှိန်ကောင်းနေဆဲအချိန် ၁၉၄၅ ခုနှစ် ဩဂုတ်လအတွင်း ဂျပန်နိုင်ငံ နာဂါဆာကီမြို့လေးကို အမေရိကန်တို့ အဏုမြူဗုံးကြဲခဲ့သည်။ "The Fat Man" ဟု အမည်ရသည့် ယင်းအဏုမြူဗုံးကြဲချိန်မှာ မွန်းမတည့်မီအချိန်။ မြို့ပေါ်ရှိ စာသင်ကျောင်းလေးထဲတွင် ကလေးငယ်တို့ စာသင်ကောင်းတုန်းအချိန် ဖြစ်ပေလိမ့်မည်။ ဗုံးကြောင့် ကလေးများ၏ စာသင်ကျောင်းလေး မီးသင့်ခဲ့ရသလို မစားရသေးသည့် ထမင်းဘူးကလေးများမှာ ပိုင်ရှင်များပျောက်ကွယ်ခဲ့ရသည်။ မျိုးဆက်ပေါင်းများစွာအထိ အဏုမြူဗုံးဒဏ်သင့်ခဲ့ရသည်။ ယနေ့တိုင် နာဂါဆာကီမြို့လေးရှိ ပြတိုက်အတွင်း ထိုကာလ၏ အမှတ်တရဓာတ်ပုံများ၊ မီးသွေးဖြစ်သွားသည့် ထမင်းခဲကလေးများ ပါဝင်နေသည့် မီးကျွမ်းနေသော ထမင်းချိုင့်ကလေးအပါအဝင် အခြားအမှတ်တရများစွာတို့ကို မြင်တွေ့နိုင်သည်။ ဂျပန်လူမျိုးတို့ ထိုပြတိုက်သို့ လာရောက်ကြည့်ရှုကြသည်။ နာကြည်းမုန်းတီးဖို့ကားမဟုတ်။ အတိတ်နေ့စွဲများကို ပြန်ပြောင်းသတိရကာ အလားတူအမှားမျိုး မိမိလည်း မလုပ်မိအောင်၊ မည်သူမျှလည်း မလုပ်မိတော့အောင် သတိပြုကြစေရန်သာ။ ယခုမူကား နာဂါဆာကီမှ ပြတိုက်သည် အေးချမ်းလှပသောနေရာအဖြစ် ရှိနေပြီ။



ဒုတိယကမ္ဘာစစ်ကာလက ဂျပန်နိုင်ငံ နာဂါဆာကီမြို့ကို အမေရိကန်တို့ အဏုမြူဗုံးကြဲချမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို တွေ့ရစဉ်။ (၉-၈-၁၉၄၅)

**စစ်ပွဲတိုင်းတွင် အကြီးမားဆုံးသော ဆုံးရှုံးသည့်အရာမှာ နိုင်ငံနှင့် နိုင်ငံသားများ၏ အနာဂတ်ပင် ဖြစ်ပါသည်။ စစ်ပွဲတိုင်းသည် အပြစ်မဲ့ပြည်သူများအပေါ် အမြတ်ထုတ်ခြင်းသာဖြစ်ပြီး စစ်ပွဲများနှင့် နိုင်ငံအတွက် အဖြေမှန်ရှာ၍ မရသည်ကို လွတ်လပ်ရေးရပြီးသည်မှာ နှစ်ပေါင်း (၇၆) နှစ်အကြာ အတွေ့အကြုံများအရ နားလည်သဘောပေါက်သင့်ပါပြီ။**

မိမိတို့နိုင်ငံ လွတ်လပ်ရေးရပြီးချိန်မှ ဆယ်စုနှစ် ခုနစ်ခုကို ကျော်လွန်ဖြတ်သန်းလာခဲ့ပြီးချိန် ပြည်တွင်းစစ်ပွဲများကို အကြောင်းရင်းမျိုးစုံ၊ ခေါင်းစဉ်မျိုးစုံပြောင်း၍ ကောက်ချက်ချခြင်းများထက် မြေစာပင် ပြည်သူများအဖို့မှာမူ စစ်မီးငြိမ်းစေရေးသည်သာ သူတို့မျှော်လင့်ချက်၊ သူတို့အနာဂတ် ဖြစ်သည်။ လွတ်လပ်ရေးကို ဘိုးဘေးတို့ဖြစ်သည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့က အသက်သွေးချွေးတို့ဖြင့် အရယူပေးခဲ့သည်။ ရရှိပြီးသား လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ခြင်းဟုဆိုလိုက်လျှင် လွတ်လပ်ရေးအသီးအပွင့်များဖြစ်သည့် အေးချမ်းခြင်း၊ သာယာဝပြောခြင်းနှင့် တိုးတက်မြင့်မားခြင်းတို့ အရယူနိုင်ရေး အဓိကအကြောင်းတရားဖြစ်သည့် ညီညွတ်ခြင်းကိုသာ အမြန်ဆုံးစတင်တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း တင်ပြခြင်းဖြင့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလိုက်ရပါသတည်း။ ။

# လွတ်လပ်ရေးနေ့မှသည် ညီညွတ်သော မြန်ပြည်သစ်ဆီ . . .

**ခင်ရတနာ**

**၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (ယနေ့)သည် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးနေ့ ဖြစ်သည်။ လွတ်လပ်ရေးနေ့ကို မြန်မာနိုင်ငံသားတိုင်း ရင်းနှီးကျွမ်းဝင်ပြီးသားပင်။ သူ့ကျွန်ဘဝမှ လွတ်မြောက်သောနေ့၊ မိမိတို့အချုပ်အခြာအာဏာ မိမိတို့ထံ ပြန်လည်ရောက်ရှိခဲ့သော နေ့ထူးနေ့မြတ်ဟူ၍ သိရှိခဲ့ကြသည်။ ယခု လွတ်လပ်ရေးနေ့သည် (၇၆) နှစ်တိုင်ပြီ။ လွတ်လပ်ရေးနှင့် ဆက်စပ်အတွေးနယ်ချဲ့မိတိုင်း ရေးစရာ၊ ပြောစရာများကား မကုန်နိုင်။ အဘယ့်ကြောင့်ဆိုသော် လွတ်လပ်ရေးရခဲ့သည်မှာ စိန်ရတုကျော်ခဲ့သည့်တိုင် မိမိတို့နိုင်ငံကား မငြိမ်းချမ်းနိုင်သေး၊ အချင်းချင်း စိတ်ဝမ်းကွဲ မညီညွတ်မှုများကြောင့် ရွှေပြည်တော် မျှော်တိုင်းဝေးနေရဆဲ။**

ယနေ့ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၅ နိုင်ငံအနက် ဥရောပကိုလိုနီလက်အောက် မကျရောက်ခဲ့သည့်နိုင်ငံ ၁၀ နိုင်ငံ၊ ဗြိတိသျှကိုလိုနီလက်အောက် မကျရောက်ခဲ့သည့် နိုင်ငံ ၂၂ နိုင်ငံသာရှိပြီး ကျန်နိုင်ငံများက ကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့ဖူးကြသည်ချည်းသာ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးချိန် အာရှနိုင်ငံအများစုက မရှေးမနှောင်းပင် လွတ်လပ်ရေးကိုယ်စီ ရရှိခဲ့ကြသည်။ အိမ်နီးချင်း အိန္ဒိယနိုင်ငံမှာ မြန်မာထက် လေးလခွဲမျှစောပြီး ၁၉၄၇ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် နယ်ချဲ့တို့ထံမှ မိခင်အိန္ဒိယကို ပြန်လည်ပိုင်ဆိုင်ခဲ့သလို ဗီယက်နမ်နိုင်ငံသည် ၁၉၅၄ ခုနှစ်တွင် ပြင်သစ်တို့အား သူတို့မြေပေါ်မှ အပြီးတိုင် ရှင်းထုတ်နိုင်ခဲ့သည်။ လာအိုနိုင်ငံမှာမူ ၁၉၄၉ ခုနှစ်တွင် ကိုလိုနီဘဝက လုံးဝ လွတ်လပ်ခဲ့သည်။ တရုတ်နိုင်ငံသည်ပင်လျှင် ဖက်ဆစ်ဂျပန်နှင့် ကူမင်တန်တပ်များကို တွန်းလှန်တိုက်ခိုက်ပြီး မြေယာပြုပြင်ပြောင်းလဲရေး၊ မဟာခုန်ပျံကျော်လွှားမှုအပါအဝင် ယဉ်ကျေးမှုတော်လှန်ရေးကဲ့သို့သော ပေါ်လစီအမှားကို ဖြတ်သန်းပြီးသကာလ မိမိတို့နိုင်ငံထက် တစ်နှစ်နောက်ကျသည့် ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအဖြစ် ဘဝအသစ်ကို စတင်ခဲ့သည်။

## တာထွက်တူသော်လည်း ပန်းဝင်ချိန်မတူ

ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် စစ်ရှုံးနိုင်ငံများ ပြိုလဲခဲ့သလို ကိုလိုနီလက်အောက်ခံနိုင်ငံများ အနေဖြင့်လည်း လွတ်လပ်ရေးကြီးနှင့်အတူ ကိုလိုနီနယ်ချဲ့ဆိုးမွေများနှင့် လွတ်လပ်ပြီးစနိုင်ငံများ၏ သဘောသဘာဝအတိုင်း မတူကွဲပြားသည့် နိုင်ငံရေးအယူအဆများ၊ ကိုးကွယ်မှု ဘာသာ စသည်ဖြင့် အခက်အခဲများစွာကို ရင်ဆိုင်ခဲ့ကြရသည်ပင်။

အိန္ဒိယနိုင်ငံသည် လွတ်လပ်ရေးရသည့်အချိန်မှစ၍ ဘာသာရေးအကြမ်းဖက်မှု၊ ဇာတ်နိမ့်၊ ဇာတ်မြင့် ခွဲခြားခြင်းမှ ဖြစ်သော အကြမ်းဖက်မှုနှင့် ပါကစ္စတန် ခွဲထွက်မှု၊ အိန္ဒိယ - တရုတ်စစ်ပွဲ၊ ဆင်းရဲမွဲတေမှု အစရှိသည့် ပြဿနာများကို ရင်ဆိုင်ခဲ့ရဖူးသည်။ ဖက်ဒရယ်အစိုးရတစ်ခုအနေဖြင့် ကြည့်မည်ဆိုပါက ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးသော ဒီမိုကရေစီနိုင်ငံဖြစ်သည့် အိန္ဒိယသည် ထောင်ချီသော ဘာသာစကား၊ များပြားလှသည့် လူမျိုးစုများ ပိုင်ဆိုင်သဖြင့် လူများလေ၊ ပြဿနာများလေဆိုသည့်အတိုင်း အမျိုးမျိုးအဖုံဖုံ ရင်ဆိုင်ခဲ့ရသည်။ သို့သော် ၁၉၉၁ ခုနှစ်မှစတင်၍ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ခဲ့ခြင်းကြောင့်ပင် ကမ္ဘာပေါ်တွင် တိုးတက်မှု အမြန်ဆုံးနိုင်ငံများထဲ ပါဝင်လာခဲ့ပြီး ဒေသတွင်းနှင့် နိုင်ငံတကာတွင် ဩဇာအာဏာရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။

ဗီယက်နမ်သည် တရုတ်မင်းတို့၏ လက်အောက်ခံအဖြစ် နှစ်ပေါင်း ထောင်ကျော်မျှ နေခဲ့ရသည်။ ဘတ်ဒမ်မြစ်တိုက်ပွဲတွင် တရုတ်လက်အောက်မှ လွတ်မြောက်ခဲ့ပြီး ကိုယ့်ထီးကိုယ့်နန်းဖြင့် နေထိုင်ခဲ့ကြသည်မှာ ၁၉ ရာစုအလယ်ပိုင်း

**အထက်ပါနိုင်ငံများအဖို့ ကိုလိုနီအတိတ်သမိုင်းများနှင့် စစ်ဘေးစစ်ဒဏ်များကို အသက်ပေါင်းများစွာ၊ ဘဝပေါင်းများစွာနှင့် ရင်းနှီးပေးဆပ် တွေ့ကြုံရသူများပင်။ ကိုလိုနီစနစ်ဆိုးဟု ခေါင်းစဉ်တပ်၊ ခံစားကြေကွဲ ရပ်တန့်မနေကြ။ အချင်းချင်း အပြစ်ပုံချ၍ ကိုလိုနီအတိတ်ကို လက်ညှိုးထိုးတင်းခံနေသူမပါ၊ ဦးဆောင်ဦးရွက်ပြုသူမှသည် နိုင်ငံသားတိုင်းက အတိတ်တို့၏ အမှားအယွင်းများကို သင်ခန်းစာအဖြစ် ရယူ၍ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် အနာဂတ်ကိုသာ ရှေးရှုကာ ရဲရဲဝံ့ဝံ့လျှောက်လှမ်းခြင်းမှသည် အောင်မြင်မှု အသီးအပွင့်များ ရရှိခံစားနေကြခြင်းပင်ဖြစ်၊ အထူးသဖြင့် ထိုတိုင်းပြည်အသီးသီး အောင်မြင်မှု၏ အဓိကသော့ချက်မှာ အချင်းချင်း မကွဲမပြား ညီညွတ်စွာ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးကို ဦးတည်ကြိုးပမ်းကြခြင်းကြောင့်ပင်ဖြစ်**

*အချပ်ပို (ခ) သို့*



ရန်ကုန်မြို့ မဟာဗန္ဓုလ ပန်းခြံ၌ လွတ်လပ်ပျော်ရွှင်စွာ အပန်းဖြေနေကြသော ပြည်သူများကို တွေ့ရစဉ်။
ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)